# ရတနာပုံ

yadanabonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း (၁၄) ရက် ၊ သောကြာနေ့ ၊ (19-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အာဇာနည်ခေါင်းဆောင်များ၏ လွတ်လပ်ရေးအမွေ အစဉ်ထိန်းသိမ်း

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့ကို အထိမ်းအမှတ်ပြုပြီး နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့တိုင်းကို အာဇာနည်နေ့အဖြစ် နိုင်ငံတစ်ဝန်း၌ ကျင်းပလေ့ရှိပါသည်။ အာဇာနည်နေ့ကျရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ပြုမာန်၌ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဦးဆောင်၍ နိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သက်ရှိထင်ရှားမိသားစုဝင်များ၊ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပြည်သူအပေါင်းကလည်း အာဇာနည်နေ့ရောက်တိုင်း အထိမ်းအမှတ်ဂုဗိမာန်၌ အလေးပြုကြခြင်း၊ ကုသိုလ်ပြုအမျှဝေကြခြင်းတို့ကိုလည်း ကြည်ညိုလေးစားမှု၊ သတိရလွမ်းဆွတ်မှုတို့ဖြင့် ပြုလုပ်ဆောင်ရွက်ကြလေ့ရှိသည်။

နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့လက်အောက်တွင် သူ့ကျွန်ဘဝကျရောက်နေသော မြန်မာနိုင်ငံကို အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိအောင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တို့အုပ်ချုပ်စဉ် သွေးခွဲမှုခံထားရသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ခက်ခက်ခဲခဲစည်းရုံးခဲ့သည်။ ပြည်သူအပေါင်းကိုလည်း သူ့ကျွန်ဘဝမှ မျိုးချစ်စိတ်ဓာတ်နိုးကြားလာအောင် ကိုယ်ပိုင်အချုပ်အခြာအာဏာရှိခြင်းနှင့် လွတ်လပ်သောနိုင်ငံဖြစ်ခြင်း၏ ဂုဏ်သိက္ခာရှိမှုတို့ကို နားလည်လက်ခံလာစေရန် အပြင်းအထန် ကြိုးစားစည်းရုံးဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုအပေါင်းကြောင့် အမျိုးသားစည်းလုံးညီညွတ်မှုမှတ်တိုင်ကြီးဖြစ်သော ပင်လုံစာချုပ်ကို တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ စုပေါင်းလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ အကျိုးဆက်အဖြစ် ၁၉၄၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အကြားအလပ်မရှိ လွတ်လပ်ရေးရရှိခဲ့သော်လည်း လွတ်လပ်ရေး၏အကျိုးကျေးဇူးကို ဗိုလ်ချုပ်အောင်ဆန်း မခံစားခဲ့ရပေ။ အကြောင်းမှာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ အတွင်းဝန်ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး တို့သည် မသမာသူလူတစ်စု၏ လုပ်ကြံပစ်ခတ်မှုကြောင့် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကြရသည်။

ထိုသို့ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသော်လည်း ယနေ့တိုင် နာမည်မသေ၊ တိုင်းပြည်နှင့်လူထုအပေါင်းက မမေ့နိုင်ကြပေ။ အမြဲသတိတရ လွမ်းဆွတ်နေမည်ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင် ၁၉ ရက်ဆိုပါလျှင် ၇၇ နှစ်မြောက် အာဇာနည်နေ့အဖြစ်ပင် ရောက်ရှိခဲ့ပြီဖြစ်ပေသည်။ နှစ်စဉ်နှစ်တိုင်း ထိုနေ့ကျရောက်တိုင်း နိုင်ငံတစ်ဝန်း အာဇာနည်နေ့အခမ်းအနားများကျင်းပကြပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူကြပါသည်။

တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကိုသိ၍ ကြည်ညိုလေးစားလျှင် တစ်နှစ်တစ်ကြိမ် သတိတရ၊ ဝမ်းနည်းလွမ်းဆွတ်နေကြရုံမျှဖြင့် အမှန်တကယ်ကျေးဇူးသိရာမရောက်ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများ အသက်ပေးဆောင်ရွက်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ကို လွတ်လပ်ရေးအမွေနှင့်အတူ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပါမည်။ သို့မှသာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သာမက မိမိနိုင်ငံ၊ မိမိလူမျိုးတို့အပေါ် အမှန်တကယ်လေးစားမြတ်နိုးတန်ဖိုးထားသူ၊ နိုင်ငံတော်အတွက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်သူများအဖြစ် အစဉ်ထာဝရ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း ၇၇ နှစ်မြောက် အာဇာနည်နေ့ကို လေးစားဦးညွှတ် ဂါရဝပြုရေးသားလိုက်ရပါသည်။

# နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ




**မန္တလေး ဇူလိုင် ၁၈**

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးမှ နိုင်ငံဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီများ၊ အောင်ပွဲရ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် 7th World Vovinam Championship ပြိုင်ပွဲနှင့် 13th Asean School Games Vietnam 2024 ဗိုဗီနမ်အားကစားနည်း၊ လာအိုနိုင်ငံတွင်ကျင်းပခဲ့သည့် 18th South East Asia Bodybuilding And Physique Sport Championship 2024 ပြိုင်ပွဲနှင့် Badminton Asia South East Asia Regional Junior Championship 2024 ပြိုင်ပွဲ၊ မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သည့် ISTAF WORLD CUP SEPAKTAKRAW 2024 ပြိုင်ပွဲ၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် 21th Asean University Games ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များဆွတ်ခူးရရှိခဲ့သည့် အားကစားသမား ၁၅ ဦးအား ဂုဏ်ပြုဆုငွေများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအသင်းများ၏ နည်းပြ သုံးဦးအား ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နိုင်ငံဂုဏ်ဆောင် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်ပွဲရ ဆုရအားကစားသမားများ၊ နည်းပြများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ရင်းနှီးစွာနှုတ်ဆက်ပြီး ဂုဏ်ပြုညည့်ခံခဲ့ကြောင်းနှင့် အောင်ပွဲရအားကစားသမားများယှဉ်ပြိုင်ကစားခဲ့ကြသည့် Video Clip များကိုပြသခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း လူကြိုက်များလာကာ ဝယ်ယူမှုများနေပြီး အနည်းဆုံး ငွေကျပ် သိန်း၂၀ ခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေကာ နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ် အေးနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ် သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြားကားများ အရောင်းအဝယ်ရှိနေကြောင်း၊ လျှပ်စစ်သုံးကားများအနေဖြင့် ငွေကျပ်သိန်း ၅၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့်ပေါက်ဈေးရှိပြီး SKD ကားများတွင်လည်း ယခင်က ငွေ ကျပ် သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ဈေးနှုန်းများကျဆင်းလာကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် သိန်း ၁၂၀၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀ ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကင်းမွန် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကင်းမွန် ပိဿာချိန် ၇၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတွင် ကင်းမွန် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အခု ကင်းမွန်တွေအဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ မေလအတွင်းကထက် ဇွန်လထဲမှာ ကင်းမွန် ပိဿာချိန် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပါတယ်"ဟု ဒေါ်ရီရီက ပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်များ ရောင်းအားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ လုပ်ငန်းများအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် နမ့်ခုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင် အထည်ဖော်ဆောင်ရွက်မည့်နမ့်ပန် ကျေးရွာအုပ်စု နမ့်ခုန်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း နှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ် ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍ အလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် မေလွင်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဝင် ခုနစ်ဦးကို ရွေး ချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်ခုန်းကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာ သူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း မိုင်းဖြတ်မြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ် ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံ ငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝင်း ထောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံ ကိန်းလုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်း ပုံစံများ စနစ်တကျဖြည့်သွင်းထား ခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲ စာစောင်ပါ ညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင် ဦးစီးမှူးက လိုအပ်သည်များ ဆွေး နွေးမှာကြားသည်။

ဝင်းထောင်းကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစု ပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ဝ၁၁ သန်း ထုတ်ချေးပေးထား ကြောင်း သိရသည်။

**ကိုသက်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ ခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လ အတွင်း ငါးရံ့ခြောက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ဘိုကလေးမြို့နယ်မှ ငါး ခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မေလက ငါးရံ့ခြောက် ပိဿာချိန် ၅၈၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ခြောက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင် ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေး ကွက်က ဝယ်ယူမှု အားကောင်းနေ ခြင်းကြောင့် တင်ပို့ရောင်းချနေရ ခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ငါး ခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက် ဆီ တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက် အကြီးအသေးအပေါ် မူတည်ပါတယ်။ အခုလို အရောင်း အဝယ် ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက်သို လှောင်ထားသူတွေ အဆင်ပြေပါ တယ်"ဟု ဘိုကလေးမြို့နယ်မှ ငါး ခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက် အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၄၅၀၀၀ ထိ ဈေးပေါက်နေ ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ ခြောက်များကို ရန်ကုန်မြို့မှတစ် ဆင့် နေပြည်တော်နှင့် အခြားဒေသ များသို့ တင်ပို့ရောင်းချနေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် မကျည်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး အမရ ပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မကျည်း ကိုင်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင် စန်းဦးက ကျေးလက်နေပြည်သူ များ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝ များ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံ ငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး နှင့်တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များထံ ရန်ပုံငွေကျပ် ၅၇၃ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ရန်ပုံငွေကျပ် ၅၇၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနှမ်း ၄၄၀၅ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုး ထားသောနှမ်း ၄၄၀၅ ဧက ရိတ်သိမ်းပြီးစီး ပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာ ခရိုင်တွင် စိုက်ပျိုးထားသော နှမ်းစိုက်ခင်း များကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်း ခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၄၁၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၄ ဧက၊ အရာတော် မြို့နယ်တွင် ဧက ၁၈၄၀ နှင့်ချောင်းဦးမြို့ နယ်တွင် ၂၁၃၆ ဧက စုစုပေါင်း ၄၄၀၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၅ ဒသမ ၂၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုး ရာသီက နှမ်းဧက ၄၄၀၅ ဧက စိုက်ပျိုးနိုင် ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ စိုက်ခင်း တွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းအထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေး ခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးမှု တိုး ချဲ့နိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန် ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ် လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုး နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်း မွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချ နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ် သည့် တောင်သူများအနေဖြင့် အကျိုး စီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# မျက်ရည်ဖြိုင်ဖြိုင်ကျ မမေ့နိုင်တဲ့ ဇူလိုင်လ

ဘုန်းမောင်ဝင်း(ဖျာပုံ)

'၁၉ ဇူလိုင် မမေ့နိုင်'ဆိုတဲ့စာသားလေးက ငယ်ရွယ်စဉ်ကျောင်းသားဘဝကတည်းက ရင်ထဲမှာငြိတွယ်နေပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ ဖြစ်ပျက်ခဲ့တဲ့ဖြစ်ရပ်ဆိုးဟာ ဒီကနေ့တိုင် မမေ့နိုင်ပါ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးတွေ အစည်းအဝေးကျင်းပနေတဲ့ အစည်းအဝေးခန်းမမှာ ဝင်ပေါက် သုံးပေါက်ရှိပါတယ်။ ဂငယ်ပုံခင်းကျင်းထားတဲ့ စားပွဲရှည်သုံးခုရဲ့ ထိပ်ဆုံးစားပွဲရဲ့ အလယ်တည့်တည့်မှာ ဗိုလ်ချုပ်အောင်ဆန်း ထိုင်နေပါတယ်။ ကပ်လျက်ရှိတဲ့ လက်ဝဲဘက်စားပွဲမှာ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနဲ့ မိုင်းပွန်စော်ဘွားစဝ်စံထွန်းတို့ ထိုင်နေကြပါတယ်။ အဝင်လမ်းကိုကျောပေးထားတဲ့ လက်ယာဘက်စားပွဲမှာတော့ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းနဲ့ မန်းဘခိုင်တို့ ထိုင်နေကြပါတယ်။

လမ်းပန်းဆက်သွယ်ရေးဌာနဆိုင်ရာကိစ္စရပ်တွေ ပြောဆိုတင်ပြဖို့ အတွင်းဝန်ဦးအုန်းမောင်လည်း အစည်းအဝေးခန်းမတွင်း ရောက်ရှိနေပြီး သခင်မြ အနီးမှာ နေရာယူထားပါတယ်။ အဲဒီအချိန်မှာပဲ စနေနေ့ မိုးဖွဲဖွဲအောက်မှာ AC 1814 နံပါတ်ပြား တပ်ထားတဲ့ဂျစ်ကားတစ်စီး အတွင်းဝန်ရုံးအနောက်တောင်ထောင့်အဆောင်ကိုရောက်လာပါတယ်။ ကားပေါ်ကနေ ၁၂ နံပါတ်တံဆိပ်များတပ်ထားတဲ့ စစ်ယူနီဖောင်းတွေဝတ်ဆင်ပြီး ကင်းဘတ်ဖိနပ်အဖြူ စီးထားတဲ့ လူလေးဦးကားပေါ်ကဆင်းလာပါတယ်။ အပေါ်ထပ်ကို လျင်မြန်စွာတက်လာပါတယ်။ အမှတ်တမဲ့ကြည့်လျှင် စစ်ဘက်က အရေးတကြီးရောက်လာတဲ့ ရဲဘော်များလို့ ထင်မြင်နိုင်ပါတယ်။

အဲဒီနောက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးတွေရဲ့အစည်းအဝေးခန်းမအတွင်းရှိ အခန်းစောင့်ကို ဖယ်ရှားပြီး ဝင်ရောက်ကာ တော်မီဂန်း သုံးလက်၊ စတင်းဂန်းတစ်လက် သေနတ်တွေနဲ့ ပစ်ခတ်ပါတယ်။ သေနတ်က ကျည်တွေကုန်တဲ့ထိပစ်ခတ်ပြီးနောက် ချက်ချင်းဆိုသလိုပြန်လည်ထွက်ခွာသွားပါတယ်။ အစည်းအဝေးခန်းမကအထွက် အပြင်စင်္ကြံမှာ ရင်ဆိုင်တွေ့တဲ့ ဦးရာဇတ်ရဲ့ သက်တော်စောင့် ရဲဘော်ကိုထွေးကို ပစ်ခတ်ရင်း ဗိုလ်အောင်ကျော်လမ်းဘက်ရှိ လှေကားကြီးကနေ အောက်ထပ်ကိုဆင်းပြေးပြီး ဂျစ်ကားပေါ်တက်ကာ မောင်းထွက်သွားခဲ့ကြပါတယ်။

အဲဒီလို ရက်ရက်စက်စက်ပစ်ခတ်ခံရမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းမှာ သေနတ်ကျည် ၁၃ ချက်ထိမှန်ပြီး အဲဒီနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်မှာ ကျဆုံးခဲ့ပါတယ်။ ဗိုလ်ချုပ်နဲ့အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့လဲ အဲဒီနေ့မှာပဲ ကျဆုံးသွားခဲ့ပါတယ်။ ဒဏ်ရာရရှိထားတဲ့ မိုင်းပွန်စော်ဘွား စဝ်စံထွန်းက နောက်တစ်နေ့ ဇူလိုင် ၂၀ ရက်နေ့ ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ရပါတယ်။ ဝန်ကြီးများဖြစ်တဲ့ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေနဲ့ ပျော်ဘွယ်ဦးမြတို့ ကံကြီးစွာဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြပါတယ်။ ဒါဟာ မေ့ပျောက်လို့မရတဲ့ ဖြစ်ရပ်ဆိုးကြီးပါပဲ။

ဒီဖြစ်ရပ်ဆိုးကြီးဟာ မြန်မာနိုင်ငံလွတ်လပ်ရေး မရမီ ကိုလိုနီခေတ် (အင်္ဂလိပ်တွေအုပ်ချုပ်နေတဲ့အချိန်)မှာဖြစ်သွားခဲ့တာမို့ ဒီဖြစ်ရပ်ဆိုးတွေအတွက် တာဝန်အရှိဆုံးကတော့ အင်္ဂလိပ်အစိုးရပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်အဆင့်အစည်းအဝေးကြီးတစ်ခု ကျင်းပနေတဲ့အချိန်မှာ ဘေးကင်းလုံခြုံစိတ်ချရတဲ့ လုံခြုံရေးအစီအမံတွေလုပ်ပေးထားရမှာပေါ့။ အချို့စာတွေမှာဖတ်ရသလို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က လုံခြုံရေးထားရှိတာကိုမကြိုက်ဘူးဆိုပေမဲ့ အင်္ဂလိပ်တို့အနေနဲ့ မဖြစ်မနေကာကွယ်ပေးရမဲ့တာဝန်ဟာ ရာခိုင်နှုန်းအပြည့်ရှိနေပါတယ်။

စာရေးသူတို့ငယ်စဉ်တုန်းကတော့ အာဇာနည်အကြောင်းဟောပြောတိုင်း ဂဠုန်ဦးစောနဲ့ငမိုက်သားတွေ အခုရှိနေသေးရင် ပြေးပြီးထိုးကြိတ်ပစ်ချင်တဲ့စိတ်တွေဖြစ်တဲ့ထိ ဒေါသဖြစ်ရပါတယ်။ ဒီလူတွေဟာ လူစိတ်ကင်းမဲ့တဲ့သူတွေ။ လူအချင်းချင်းရက်ရက်စက်စက်သတ်ဖြတ်ပစ်တယ်။ နိုင်ငံအတွက် ခေါင်းဆောင်ကောင်းတွေဆုံးရှုံးရလေခြင်းလို့ ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့မိပါတယ်။ ဒီကနေ့အချိန်ထိလဲ ထွက်နေတုန်းပါပဲ။ အသက်အရွယ်ရလာတဲ့အခါကျတော့ ဂဠုန်ဦးစောဆိုသူထက်၊ ဂဠုန်ဦးစောကို နောက်ကွယ်က မြှောက်ထိုးပင့်ကော်ကူညီခဲ့တဲ့ အင်္ဂလိပ်တွေကို ပိုလို့မုန်းလာမိပါတယ်။ အင်္ဂလိပ်တွေဟာ မစားရတဲ့အမဲ သဲနဲ့ပက်ခဲ့တာပါပဲ။




နိုင်ငံတော်အဆင့်အစည်းအဝေးကို လုံခြုံရေးပြည့်ပြည့်ဝဝမယူပေးဘူး။ အစည်းအဝေးမလုပ်ခင်မှာ အင်္ဂလိပ်တွေက လက်နက်တိုက်ကနေ လက်နက် ၂၀၀ ပျောက်ဆုံးခဲ့တယ်လို့သတင်းလွှင့်ထားတယ်။ ဒီသတင်းအရဆိုရင် လုံခြုံရေးကို ပိုလို့တောင်ယူပေးရမှာပေါ့။ လက်နက်တွေ ပျောက်ဆုံးတယ်ဆိုတာကလဲ တကယ်တော့ ဂဠုန်ဦးစောအဖွဲ့ကို ခိုးပြီးထုတ်ပေးလိုက်တာပါပဲ။ ဖြစ်စဉ်မဖြစ်ပွားခင်အခြေအနေကို ဆက်စပ်တွေးကြည့်၊ မြင်ကြည့်မှ အင်္ဂလိပ်တွေရဲ့ လုပ်ရပ်ဟာ ထင်ရှားလာပါတယ်။ အင်္ဂလိပ်တွေအနေနဲ့ မြန်မာနိုင်ငံကို လွတ်လပ်ရေးမဖြစ်မနေပေးရတော့မယ်။ ပေးဖို့လဲ ကတိပြုထားပြီးပါပြီ။ အင်္ဂလိပ်ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီ(အစိုးရဝန်ကြီး)ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။

အဲဒီတုန်းက မြန်မာနိုင်ငံရဲ့ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှာ ဖွဲ့စည်းခဲ့တဲ့ အမှုဆောင်ကောင်စီမှာ ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယသဘာပတိဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဝန်ကြီးအစည်းအဝေးတွေကို ဘုရင်ခံအိမ်တော်မှာကျင်းပလေ့ရှိပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗြိတိသျှနန်းရင်းဝန် ကလီမင့်အက်တလီတို့ လွတ်လပ်ရေးအတွက်သဘောတူတဲ့ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုတဲ့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှစလို့ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုံးခန်းမှာသာ ကျင်းပလေ့ရှိပါတယ်။ ဝန်ကြီးများအစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းကျင်းပနေကျဖြစ်ပေမဲ့ လွှတ်တော်ကော်မတီအစည်းအဝေးနဲ့ တိုက်ဆိုင်နေတဲ့အတွက် ဝန်ကြီးများအစည်းအဝေးကို ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့သို့ ရွှေ့လိုက်ခြင်းဖြစ်ပါတယ်။

အင်္ဂလိပ်စစ်တပ်က ရဲဘော်တွေအယောင်ဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသွားတဲ့သူတွေဟာ ဘယ်သူတွေမှန်းမသိနိုင်ခဲ့ပါဘူး။ သာမန်လူတွေမသိပေမဲ့ အင်္ဂလိပ်တွေက သိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်လဲ အခင်းဖြစ်တဲ့နေ့ နေ့တွင်းချင်းမှာပဲ အင်းလျားကန်စောင်းမှာရှိတဲ့ ဂဠုန်ဦးစောအိမ်ကို သောင်းကျန်းမှုနှိမ်နင်းရေးတပ် အမှတ်(၁)တပ်ခွဲမှူး ဗိုလ်သိန်းဟန်နဲ့အဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ပါတယ်။ ဦးစောအပါအဝင် သူ့ရဲ့အဖွဲ့သား ဦးရေ ၂၀ ကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဓိကကြိုးကိုင်ခေါင်းဆောင် ဂဠုန်ဦးစောနဲ့အတူ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုံကြီး၊ ဘညွန့်တို့ကို တရားစွဲဆိုခဲ့ပါတယ်။ ဘညွန့်က အစိုးရသက်သေအဖြစ်ထွက်ဆိုခဲ့လို့ အမှုမှ လွတ်မြောက်ခဲ့ပါတယ်။ ကျန်သူအားလုံးကို သေဒဏ်အမိန့်ချမှတ်ခံရပေမဲ့ သုခ၊ ခင်မောင်ရင်၊ မောင်နီတို့ သေဒဏ်ကနေ တစ်သက်တစ်ကျွန်းကို ပြောင်းလဲကျခံစေခဲ့ပါတယ်။ တရားခံတွေဖြစ်တဲ့ ဂဠုန်ဦးစော၊ မှုန်ကြီး၊ မောင်စိုး၊ သက်နှင်းတို့ကို အင်းစိန်ထောင်ထဲမှာ၊ စိန်ကြီးနဲ့ရန်ကြီးအောင်တို့ကို ရန်ကုန်ထောင်ထဲမှာ ၁၉၄၈ ခုနှစ် မေ ၈ ရက်မှာ ကြိုးဒဏ်ပေးလိုက်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်တွေ ကျဆုံးခဲ့တာ အခုဆိုရင် (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာပြည်သူတွေရဲ့ရင်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ အမြဲရှိနေမှာပါ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်တွေကျဆုံးခဲ့ခြင်းအတွက် မြန်မာပြည်သူတစ်ရပ်လုံးသာမက နိုင်ငံတကာကပါ ယူကျုံးမရဖြစ်ခဲ့ကြပါတယ်။ ဒီဖြစ်ရပ်ဆိုးဟာ မြန်မာ့သမိုင်းမှာ အကျည်းတန်ဆုံး၊ ရုပ်အဆိုးဆုံးဖြစ်ရပ်ပါပဲ။ နိုင်ငံနဲ့ပြည်သူတွေ ကြီးမားတဲ့ ဆုံးရှုံးမှုဖြစ်ပေမဲ့ အင်္ဂလိပ်တွေအတွက် အောင်မြင်မှုတစ်ခုလို့ ပြောနိုင်ပါတယ်။ နယ်ချဲ့တွေဟာ လက်ပါးစေမွေးပြီး အချင်းချင်းသတ်ဖြတ်ခိုင်းခဲ့တာ အာဇာနည်နေ့ဖြစ်ပေါ်လာတဲ့သမိုင်းက ထင်ရှားတဲ့ဖြစ်ရပ်ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးကို ချစ်တယ်။ သူမွေးဖွားကြီးပြင်းတဲ့အချိန်ဟာ အင်္ဂလိပ်တွေအုပ်ချုပ်နေတဲ့အချိန်၊ မြန်မာ့လွတ်လပ်ရေးဆုံးရှုံးနေတဲ့အချိန်ဖြစ်ပါတယ်။ နယ်ချဲ့ခေတ်ဖြစ်ပေမဲ့ ပညာကို တတ်အောင်သင်ပါတယ်။ ဘယ်ခေတ်မှာ ဘယ်သူအုပ်ချုပ်အုပ်ချုပ် ပညာကို တတ်အောင်သင်ရပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားဘဝမှာ ကျောင်းသားတာဝန်ကျေပွန်အောင် စာကြိုးစားတယ်။ လေ့လာတယ်၊ ဖတ်မှတ်တယ်။ ငါ့နိုင်ငံလွတ်လပ်ရေးရအောင် ငါစွမ်းဆောင်မယ်။ ကြိုးစားမယ်ဆိုတဲ့စိတ် အမြဲရှိတယ်။ စာပေဗဟုသုတကလဲ ပြည့်စုံလေတော့ ကမ္ဘာမှာ ဒုတိယကမ္ဘာစစ်ဖြစ်တော့မဲ့အချိန်မှာ အင်္ဂလိပ်တွေ အခက်အခဲတွေ့နေပြီလို့ ကြိုတင်သိတယ်။ အင်္ဂလိပ် အခက်၊ ဗမာ့ အချက်ပဲဆိုပြီး ရဲဘော်သုံးကျိပ်ကိုဦးဆောင်ကာ ဂျပန်တို့ထံမှာ စစ်ပညာသင်ကြားခဲ့ပါတယ်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကိုဖွဲ့စည်းပြီး နယ်ချဲ့တော်လှန်ရေး ဆင်နွှဲခဲ့ပါတယ်။ တစ်ဖန် ဂျပန်တွေရဲ့ဖက်ဆစ်စနစ်ကြောင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်မှာ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ပါတယ်။ ဂျပန်တွေဆုတ်ခွာသွားတဲ့နောက်မှာ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာပါတယ်။ အဲဒီအချိန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဦးဆောင်မှုအောက်မှာ တစ်နိုင်ငံလုံး လိုက်ပါလုပ်ဆောင်နေကြပါပြီ။ လုံးဝလွတ်လပ်ရေးရရှိဖို့အတွက် တိုင်းရင်းသားတွေစည်းလုံးညီညွတ်ဖို့လိုပါတယ်။ ဒါကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပင်လုံမြို့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ပင်လုံစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ဒီစာချုပ်ဟာ မြန်မာတစ်နိုင်ငံလုံး လုံးဝလွတ်လပ်ရေးရရှိဖို့အတွက် အရေးကြီးတဲ့စာချုပ်ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ နယ်ချဲ့အင်္ဂလိပ်တွေအတွက်တော့မကျေနပ်စရာဖြစ်နေမှာပါ။ ဒါကြောင့် လက်ပါးစေမွေးပြီး လုပ်ကြံမှုမှာ အထောက်အကူပြုခဲ့တာဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖြူစင်တဲ့စေတနာ၊ တည်ကြည်တဲ့သမာဓိတွေနဲ့ မြန်မာ့သမိုင်းမှာ တစ်ခါမှမကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံး ထူးထူးကဲကဲကြီးညီညွတ်ခဲ့ကြပါတယ်။ ရှမ်း၊ ချင်း၊ ကချင်အစရှိတဲ့တောင်ပေါ်သားတွေဆိုလဲ ဗိုလ်ချုပ်ရဲ့အရှိန်ကြောင့် ဗမာတွေနဲ့ ပိုမိုရင်းနှီးစည်းလုံးလာခဲ့ကြပါတယ်။ ကရင်တွေဆိုလဲ ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနဲ့ကြည်ညိုယုံကြည်တာကအစပြုပြီး ဗမာတွေနဲ့ ပိုမိုရင်းနှီးသွေးစည်းခဲ့ကြပါတယ်။ ဗမာလူထုဆိုတာကတော့ အထူးပြောစရာမလိုဘူး။ လူထုနဲ့ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့လူထုဆိုတာ ခွဲမရလောက်အောင် ဖြစ်ခဲ့ရပါတယ်။ အဲလိုခွဲမရလောက်အောင်ဖြစ်နေတာကို နယ်ချဲ့အင်္ဂလိပ်နဲ့ လူယုတ်မာဂဠုန်ဦးစောတို့က သေကွဲကွဲအောင်လုပ်ခဲ့တာပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်လို့ အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီက "မြန်မာနိုင်ငံခေါင်းဆောင်ဂျင်နရယ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝ၌ ထားပစ်ခဲ့သည်။ ဂျင်ရနယ်အောင်ဆန်းသည် သူရဲကောင်းလုလင်ဖြစ်သည်။ သို့ကြောင့် ယနေ့မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်။ လက်နက်ကိုင်တစ်စုက သူနှင့်သူ့ရဲဘော်များကို လုပ်ကြံသတ်ဖြတ်လိုက်သည်။ ယင်းမှာ သေးငယ်သောအဖြစ်အပျက်မဟုတ်ပေ။ မြန်မာနိုင်ငံသည် ကျွန်ုပ်တို့ ဘယ်လောက်ပင်ဝေးဝေး ယင်းအဖြစ်အပျက်သည် ကျွန်ုပ်တို့အတွက် စိတ်မချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ အကယ်၍ ယင်းအဖြစ်အပျက်မျိုးဖြစ်ပျက်နေခဲ့သော် ကမ္ဘာကြီး၏ အခြေအနေ ဘယ်လိုဖြစ်သွားမည်နည်း။ မြန်မာနိုင်ငံတွင် ကျွန်ုပ်အတော်ကြာအောင်နေခဲ့ဖူးသည်။ ရန်ကုန်၊ မန္တလေးမြို့များ အားလုံးလိုလိုကျွန်ုပ်ရောက်ဖူးသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့်နိုင်ငံဖြစ်သည်။ မြန်မာပြည်သူပြည်သားတို့သည် များသောအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်သည်။ ဗုဒ္ဓဘာသာထွန်းကားသည့်နိုင်ငံ၌ ဘာကြောင့်ယခုလို သွေးထွက်သံယိုအဖြစ်မျိုး ပေါ်ပေါက်လာရသနည်း။ လွတ်လပ်ရေးတံခါးဝ၌ ခြေချနေစဉ် ယခုလိုဖြစ်ရသည်မှာ အလွန်တစ်ရာ ဝမ်းနည်းဖွယ်ကောင်းသည်" လို့ ပြောကြားခဲ့ပါတယ်။

စာရေးသူအနေနဲ့ကတော့ ငယ်စဉ်ကလေးဘဝကတည်းက ဒီကနေ့တိုင် ဗိုလ်ချုပ်အောင်ဆန်းသာရှိနေသေးရင်ဆိုတဲ့အတွေး တွေးနေမိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးရတဲ့အခါ တပ်မတော်အင်အားရှိဖို့ ဘယ်လိုလုပ်ဆောင်မယ်ဆိုတဲ့စီမံချက်ကို သဘောကျမိလို့ပါ။ အခုတော့ပြောချင်ပါတယ်။ "ဗိုလ်ချုပ်ခင်ဗျာ ဗိုလ်ချုပ်ဖြစ်စေချင်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ ပေါ်လာပြီး လူငယ်မောင်မယ်တွေ တက်ကြွစွာစစ်မှုထမ်းနေကြပါပြီ။ တပ်မတော်အင်အားရှိနေဖို့အတွက် လူငယ်အဆက်ဆက် လုပ်ဆောင်နေပါပြီ။ ဗိုလ်ချုပ်ကျေနပ်ပါခင်ဗျာ"လို့ ပြောချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မျက်ရည်ဖြိုင်ဖြိုင်ကျရတဲ့ ဇူလိုင် ၁၉ ရက်ကတော့ မေ့နိုင်စရာမရှိပါဘူးခင်ဗျာ။

**ကိုးကား**

**-၂၀၁၉ ဇူလိုင် ၁၉ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ဝေသောစာစောင်**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၇၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၇၂၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နေကြာ ၁၄၉၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၇၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နေကြာ ၁၄၉၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့ မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၆၃၈၁ ဧက၊ မြင်းမူမြို့နယ်တွင် ၄၅၄ ဧကနှင့် မြောင်မြို့နယ်တွင် ၄၄၅ ဧက စုစုပေါင်း ဧက ၇၂၈၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၃၆၆ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၂၀၃၀ နှင့် မြောင်မြို့နယ်တွင် ၅၂၉ ဧက စုစုပေါင်း ၁၄၉၂၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့်ကော်နန့်ခဲကောင်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ဝါဝါကျော်စိုး၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် စာရင်းများနှင့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ဝါဝါကျော်စိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၂ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးထားကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ဝါဝါကျော်စိုးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ထိန်းသိမ်းမလပ် ကျေးဇူးဆပ်

- ရဲရင့်သည့် လက်ရုံးရည်
  နှလုံးရည် စွမ်းရည်ကဲ၊
  သတ္တိနှင့် ဗျတ္တိမြဲ
  အာဇာနည်ပဲ။

- အများကျိုးတွက် အသက်စွန့်
  ရဲရဲဝံ့ အားမာန်ကိုး၊
  စွန့်စားစွာ သူသယ်ပိုး
  အာဇာနည်မျိုး။

- တို့နိုင်ငံ လွတ်လပ်ရေးတွက်
  သွေးချွေးသက် စွန့်ကာနှဲ၊
  တိုက်ယူကာ သည်အောင်ပွဲ
  ဆုပ်ကိုင်လက်ထဲ။

- ခေါင်းဆောင်တွေ မြန်မနှေး
  လွတ်လပ်ရေး လက်ဝယ်ပိုင်
  ကိုယ့်နိုင်ငံ ရှေ့အရေး
  စည်းဝေးကာထိုင်၊
  "ဆယ့်ကိုးရက်" လဇူလိုင်
  လက်နက်ကိုင် မိုက်ရူးရဲ၊
  လုပ်ကြံကာ မိုက်မိုက်မဲ
  ခေါင်းဆောင်တွေ ခန္ဓာစဲ
  သွေးအိုင်ဗွက်ထဲ။

- တိုင်းပြည်နှင့် လူမျိုးတွက်
  အသက်နှင့် သွေ့ခန္ဓာ
  စတေးကာ စွန့်ခွာသွား၊
  အာဇာနည်များ။

- အသက်သွေးချွေး စွန့်ပေးဆပ်
  လွတ်လပ်သည့်ချုပ်အခြာ
  ထွတ်မြတ်ရတနာ၊
  ခံစားရ များသူငါ
  လွဲရှာ အာဇာနည်များ၊
  ကျေးဇူးခံ ကျေးဇူးစား
  အမွေခံ မျိုးဆက်များ
  ချုပ်အခြာ ဦးထိပ်ထား
  ကျေးဇူးဆပ်ဖို့ကြိုးစား
  ထိန်းသိမ်းစို့လား။ ။

(အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုလျက်)

**ကျော်စောဟန်**


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# စင်ကာပူဝန်ကြီးချုပ်ဟောင်း လီရှန်လွန်း မလေးရှားနိုင်ငံသို့ သွားရောက်မည်

**စင်ကာပူ ဇူလိုင် ၁၈**

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းသည် ဇူလိုင် ၁၉ ရက်မှ ၂၂ ရက်ထိ မလေးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းသည် မလေးရှားဘုရင်သစ် ဆူလ်တန်အစ်ဘရာဟင် ဆူလ်တန်အစ်ကန်ဒါး၏ နန်းတက်ပွဲ တက်ရောက်ရေးအတွက် မလေးရှားနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မလေးရှားဘုရင်သစ် ဆူလ်တန်အစ်ကန်ဒါး၏ နန်းတက်ပွဲကို ကွာလာလမ်ပူမြို့ အစ္စတာနာနီဂါရာနန်းတော်၌ ကျင်းပမည်ဖြစ်သည်။

မလေးရှားနိုင်ငံ ခရီးစဉ်သည် ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းအတွက် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးခဲ့ပြီးနောက်ပိုင်း ပထမဆုံး ပြည်ပနိုင်ငံခရီးစဉ် ဖြစ်သည်။

စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းသည် ပြီးခဲ့သည့် မေ ၁၅ ရက်က ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးခဲ့ပြီးနောက် လက်ရှိဝန်ကြီးချုပ် လောရင့်စ်ဝေါင်က စင်ကာပူနိုင်ငံ၏ စတုတ္ထမြောက်ဝန်ကြီးချုပ်အဖြစ် ဝန်ကြီးချုပ်ရာထူးကို ဆက်ခံခဲ့သည်။

မလေးရှား ခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းသည် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့်တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်ခရီးသည်များလိုက်ပါလာသည့် ဘတ်စကားနှစ်စီး နယူးဇီလန်နိုင်ငံ၌ လမ်းချော်တိမ်းမှောက်

**ဝယ်လ်လင်တန် ဇူလိုင် ၁၈**

နယူးဇီလန်နိုင်ငံ တောင်အိုင်လန်းကျွန်း၌ ယနေ့တွင် ရာသီဥတုအခြေအနေဆိုးရွားနေစဉ် တရုတ်ခရီးသွားဧည့်သည်များလိုက်ပါလာသည့် ဘတ်စကားနှစ်စီး လမ်းပိုင်းနေရာ တစ်ခုတည်းမှာပင် လမ်းချော်တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၅ ဦး ဒဏ်ရာများရရှိခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင် ဘတ်စကားနှစ်စီးသည် အဝေးပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ် တစ်စီးနှင့်တစ်စီး မီတာ ၁၀၀ ခန့်ခွာ၍ လမ်းချော်တိမ်းမှောက်မှု တစ်ချိန်တည်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပွားချိန်တွင် အဝေးပြေးလမ်းရှိရာနေရာ၌ အပူချိန်ကျဆင်း၍ မြူနှင်းများ ထူထပ်စွာကျဆင်းနေကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

လက်ရှိအချိန်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တရုတ်ခရီးသည်များ လိုက်ပါလာသည့် ဘတ်စကားနှစ်စီး လမ်းချော်မှု ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါအဝေးပြေးလမ်းကို နာရီအနည်းငယ်ကြာ ယာဉ်အသွားအလာ ပိတ်ထားခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ရုရှားနှင့် ယူကရိန်း ၅၄ ကြိမ်မြောက် အကျဉ်းသားချင်းဖလှယ်မှုပြုလုပ်



**မော်စကို ဇူလိုင် ၁၈**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဇူလိုင် ၁၇ ရက်က အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှု တစ်ရပ်ပြုလုပ်ခဲ့ရာ နှစ်ဖက်စလုံးမှ အကျဉ်းသား ၆၅ ဦးစီ ပြန်လည် လွတ်မြောက်လာကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက်က အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာနနှင့် ယူကရိန်းအစိုးရတို့က သတင်းထုတ်ပြန်အတည်ပြုထားသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၁၇ ရက် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုသည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှားနှင့် ယူကရိန်းတို့ပြုလုပ်နိုင်ခဲ့သော ၅၄ ကြိမ်မြောက် အကျဉ်းသားချင်းဖလှယ်မှုဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ဇူလိုင် ၁၇ ရက် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှု မတိုင်မီ နောက်ဆုံးအကြိမ် အကျဉ်းသားချင်းဖလှယ်မှုကို လွန်ခဲ့သည့် ရက်သတ္တသုံးပတ်ခန့်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၇ ရက်တွင် ယူကရိန်းလက်မှ ပြန်လည်လွတ်မြောက်လာသည့် ရုရှားတပ်ဖွဲ့ဝင်များကို မော်စကိုမြို့သို့ ပို့ဆောင်၍ ကျန်းမာရေး စစ်ဆေးကုသမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တရုတ်နိုင်ငံ၌ အထပ် ၁၄ ထပ်ရှိ ဈေးဝယ်ကုန်တိုက်မီးလောင်မှုဖြစ်ပွား ၁၆ ဦးသေဆုံးပြီး ၇၅ ဦးကို ဘေးလွတ်ရာသို့ကယ်ထုတ်ပေးနိုင်ခဲ့

**ပေကျင်း ဇူလိုင် ၁၈**



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဇီဂေါင်းမြို့၌ ဇူလိုင် ၁၇ ရက်က ဈေးဝယ်ကုန်တိုက်အဆောက်အအုံတစ်လုံး မီးလောင်ခဲ့ရာ လူ ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထပ် ၁၄ ထပ်ရှိ အဆိုပါ အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားစဉ် လူ ၇၅ ဦးကို ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း တရုတ် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ဈေးဝယ်ကုန်တိုက် မီးလောင်မှုသည် ဇူလိုင် ၁၇ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်နာရီခန့်အချိန်ယူ၍ မီးကိုထိန်းချုပ်ခဲ့ရသည်။

အဆောက်အအုံ မီးလောင်မှုကြောင့် ယနေ့ညနေပိုင်းထိ သေဆုံးသူအရေအတွက် ၁၆ ဦးထိရှိပြီး အဆောက်အအုံအတွင်း ပိတ်မိနေသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း တရုတ်ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဘေးအန္တရာယ် လုံခြုံရေး စည်းမျဉ်းများ ပေါ့လျော့မှုနှင့် လိုက်နာမှု အားနည်းချက်များကြောင့် တရုတ်နိုင်ငံ၌ မီးလောင်ကျွမ်းမှုနှင့် အခြားမတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၌ မီးလောင်ကျွမ်းမှု ဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ ၉၄၇ ဦးထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန် ကျန်းမာရေးအရ လုပ်ငန်းတာဝန်များမှ ခေတ္တအနားယူမည်

**ဟနွိုင်း ဇူလိုင် ၁၈**

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်သည် ကျန်းမာရေးအရ လုပ်ငန်းတာဝန်များမှ ခေတ္တအနားယူမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အသက် ၈၀ အရွယ် ငုယင်ဖူထရွန် ဆေးဝါးကုသအနားယူနေစဉ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တာဝန်များကို ဗီယက်နမ်သမ္မတ တိုလမ်းက ယာယီရယူထားမည် ဖြစ်ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ဗီယက်နမ် ထိပ်တန်းခေါင်းဆောင်လေးဦးအစုတွင် သမ္မတသည် ဒုတိယမြောက် ဩဇာအကြီးဆုံးသူဖြစ်သည်။

ယိုယွင်းလာသည့် ကျန်းမာရေးအခြေအနေကြောင့် အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန် အနေဖြင့် ၂၀၂၆ ခုနှစ် ကွန်မြူနစ်ပါတီ၏ ညီလာခံထိတိုင် ပါတီကို ဆက်လက်ဦးဆောင်နိုင်စွမ်း ရှိ၊ မရှိနှင့်ပတ်သက်၍ နိုင်ငံအတွင်း၌ ထင်ကြေးအမျိုးမျိုး ပေါ်ထွက်လျက်ရှိသည်။

ငုယင်ဖူထရွန်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရာထူးကို ၂၀၁၁ ခုနှစ်က စတင်ရယူခဲ့သူဖြစ်သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ၂၀၂၆ ခုနှစ် ပါတီညီလာခံတွင် ငုယင်ဖူထရွန်၏ ရာထူးကို ဆက်ခံမည့်သူအား ရွေးချယ်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ISS က မစ်ရှင်သက်တမ်းကုန်ဆုံးပြီးလျှင် ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ တစ်နှစ်ကြာမျှဆက်လက်မျောပါပျံသန်း၍ ပတ်လမ်းအမြင့်ကို တဖြည်းဖြည်းနိမ့်ချမည်



**ဝါရှင်တန် ဇူလိုင် ၁၈**

၂၀၃၀ ပြည့်နှစ်အတွင်း မစ်ရှင်သက်တမ်းကုန်ဆုံးပြီးနောက် နိုင်ငံတကာ အာကာသစခန်း(ISS) သည် ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ တစ်နှစ်ကြာမျှ ဆက်လက်မျောပါပျံသန်း၍ ပတ်လမ်းအမြင့်ကို တဖြည်းဖြည်း နိမ့်ချမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မိမိတို့၏ ISS သက်တမ်းအဆုံးသတ်ရေးအစီအစဉ်အရ ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ရေးအတွက် နောက်ဆုံးပတ်လမ်းပေါ်သို့မရောက်မီ အနည်းဆုံးခြောက်လထိ အာကာသစခန်းပေါ်၌ အာကာသယာဉ်မှူးများ ဆက်ရှိနေဦးမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတကာ အာကာသစခန်းသည် သက်တမ်းကုန်ဆုံးပြီးနောက် ကမ္ဘာမြေပြင်အထက် အမြင့် ၁၃၆ မိုင်အကွာရှိ ပတ်လမ်းနေရာထိ ပတ်လမ်းအမြင့် နိမ့်ချပြီး ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတကာအာကာသစခန်းအနေဖြင့် ၂၀၃၀ ပြည့်နှစ်အတွင်း သက်တမ်းကုန်ဆုံးပြီးနောက် ၁၂ လမှ ၁၈ လကြာမြင့်ပြီးမှသာ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံတကာ အာကာသစခန်းကို ကမ္ဘာပတ်လမ်းမှ ဆွဲထုတ်ပေးမည့် အာကာသယာဉ်ကို Space-X ကုမ္ပဏီက တည်ဆောက်ပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းသည် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၅၀ ခန့်တွင်တည်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## နေနှင့်အလားတူသည့်ကြယ်များကို ဗဟိုပြုလှည့်ပတ်နေသော ချွေထရွှန်ကြယ် ၂၁ စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဘာလင် ဇူလိုင် ၁၈**

နေနှင့်အလားတူသည့် ကြယ်များကို ဗဟိုပြုလှည့်ပတ်နေသော ချွေထရွှန်ကြယ် ၂၁ စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ချွေထရွှန်ကြယ်များကို ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ထားသော ဂိုင်ယာဂြိုဟ်တု၏အကူအညီဖြင့် ဂျာမနီနိုင်ငံ မက်စ်ပလန့်ခ်အင်စတီကျုမှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါချွေထရွှန်ကြယ် ၂၁ စင်းအနက် အများစုမှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၃၀၀၀ ခန့်အကွာတွင် တည်ရှိနေကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။ ဂျာမနီ သိပ္ပံပညာရှင်များ၏ အဆိုအရ အဆိုပါ ချွေထရွှန်ကြယ် ၂၁ စင်းလုံးသည် နေနှင့်ပုံစံချင်းတူသည့် ကြယ်များကို ဗဟိုပြု၍ လှည့်ပတ်နေကြောင်း သိရသည်။



နေနှင့်ပုံစံချင်းတူသည့် ကြယ်အစင်း တစ်သန်းလျှင် တစ်စင်းတွင်သာ အရံကြယ်အဖြစ် ချွေထရွှန်ကြယ်တစ်စင်း ရှိနေတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ချွေထရွှန်ကြယ်များသည် ဧရာမကြယ်ကြီးများ ပေါက်ကွဲပြီးနောက် ကြွင်းကျန်ရစ်သည့် သိပ်သည်းဆ အလွန်ကြီးမားသည့် ကြယ်များဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## VIPER လမျက်နှာပြင်လှေ့လာရေးယာဉ် လွှတ်တင်ရေးအစီအစဉ်ကို နာဆာက ဖျက်သိမ်းလိုက်ပြီဖြစ်

**ဝါရှင်တန် ဇူလိုင် ၁၈**

VIPER အမည်ရှိ လမျက်နှာပြင် လေ့လာရေးယာဉ် လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

ကုန်ကျစရိတ် မြင့်မားလာမှုကြောင့် VIPER လမျက်နှာပြင် လေ့လာရေးယာဉ် လွှတ်တင်ရေး အစီအစဉ်ကို နာဆာအဖွဲ့က ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် မူလက VIPER လမျက်နှာပြင်လေ့လာရေးယာဉ်ကို ၂၀၂၅ ခုနှစ်တွင် ဂရစ်ဖင်းအမည်ရှိ လဆင်းယာဉ်နှင့်တွဲ၍ လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ကုန်ကျစရိတ်မြင့်တက်လာမှုကြောင့် မိမိတို့အနေဖြင့် VIPER လမျက်နှာပြင် လေ့လာရေးယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း နာဆာအဖွဲ့က ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် လက်ရှိအချိန်ထိ VIPER လမျက်နှာပြင်လေ့လာရေးယာဉ်ကို တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ ထိ သုံးစွဲထားပြီးဖြစ်သည်။

အထက်ပါသုံးစွဲငွေ၌ လွှတ်တင်ရေးအတွက် သုံးစွဲရမည့်ကုန်ကျစရိတ် ပါဝင်ခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## ရင်သားကင်ဆာအတွက်သုံးသည့် ဟော်မုန်းကုထုံးက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇူလိုင် ၁၈**

ရင်သားကင်ဆာရောဂါအတွက် အသုံးပြုသည့် ဟော်မုန်းကုထုံးသည် သက်ကြီးပိုင်း အရွယ်ရောက်လာချိန်တွင် အမျိုးသမီးများ၏ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရင်သားကင်ဆာရောဂါအတွက် အသုံးပြုသည့် ဟော်မုန်းကုထုံးသည် အမျိုးသမီးများ အသက်ရလာချိန်၌ အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ခြေကို ခုနစ်ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဟော်မုန်းကုထုံးဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်မှု အတိုင်းအဆသည် အမျိုးသမီးများ၏ အသက်အရွယ်၊ လူမျိုးကိုလိုက်၍ ကွဲပြားသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရင်သားကင်ဆာ လူနာများအနက် သုံးပုံတစ်ပုံခန့်မှာ အက်စထရိုဂျင်ဟော်မုန်း သို့မဟုတ် ပရိုဂတ်စတာရုန်း ဟော်မုန်းတို့ကြောင့် ကင်ဆာဆဲလ်များ ကြီးထွားမှုပြဿနာဖြင့် ရင်ဆိုင်ရလေ့ရှိရာ ၎င်းလူနာများအတွက် ဟော်မုန်းကုထုံးများ အသုံးပြုကြရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် အမျိုးသမီး ၁၈၈၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ရင်သားကင်ဆာအတွက်အသုံးပြုသည့် ဟော်မုန်းကုထုံးများနှင့် အယ်ဇိုင်းမားရောဂါတို့ကြား ဆက်စပ်မှုကို နားလည်ရေးအတွက် လေ့လာမှုများ ဆက်လက်ပြုလုပ်ရန် လိုကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ပဋိဇီဝဆေးများသုံးစွဲခဲ့ရသည့် ကလေးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**ကင်ဘာရာ ဇူလိုင် ၁၈**

အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ပဋိဇီဝဆေးများ သုံးစွဲခဲ့ရမှုကြောင့် ကလေးများ၌ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၁၇ ရက်သတင်းများအရ သိရသည်။

ပဋိဇီဝဆေးများသည် Indole Propionic Acid ခေါ် အက်စစ်တစ်မျိုးကို အစာခြေလမ်းကြောင်းစနစ်က ထုတ်ပေးနိုင်စွမ်းကို လျှော့ချပေးတတ်ကြောင်း ဩစတြေးလျ နိုင်ငံ မိုးဒက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

Indole Propionic Acid သည် ပန်းနာရင်ကျပ်ရောဂါကို ရေရှည် ကာကွယ်ရေးအတွက် အရေးကြီးသည့် အက်စစ်တစ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ အသက်ငယ်ငယ်ရွယ်ရွယ်တွင် ပဋိဇီဝဆေးများသုံးစွဲခဲ့ရဖူးသည့် ကလေးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေမှာ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပဋိဇီဝဆေးများကြောင့် အစာခြေလမ်းကြောင်း စနစ်အတွင်းရှိ Indole Propionic Acid ထုတ်ဗက်တီးရီးယားများ ပျက်စီးတတ်ကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြလိုဇာနို ရာထူးမှနုတ်ထွက်ကြောင်း မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်ကြေညာ




**မက္ကဆီကိုစီးတီး ဇူလိုင် ၁၈**

မက္ကဆီကိုအသင်းနည်းပြ လိုဇာနိုသည် ပြီးခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသောကြောင့် ရာထူးမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်ဟု မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က ကြေညာခဲ့သည်။

နည်းပြလိုဇာနိုကို မက္ကဆီကိုဘောလုံးအဖွဲ့ချုပ်က ၂၀၂၃ ခုနှစ်မှစတင်၍ ၂၀၂၆ ခုနှစ်ထိ သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဂျမေကာကိုသာ အနိုင်ရခဲ့ပြီး အီကွေဒေါအသင်းကို ဂိုးမရှိသရေနှင့် ဗင်နီဇွဲလားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီး ပြိုင်ပွဲပြီးဆုံးချိန်တွင် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းသည် လိုဇာနိုနှင့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းရှိသော်လည်း ၎င်းကို ၂၀၃၀ ပြည့်နှစ်ထိ မြင့်မားသောလုပ်ခလစာဖြင့် ထပ်မံခန့်အပ်ရန် ကမ်းလှမ်းခဲ့ကာ ကမ်းလှမ်းမှုတွင် လိုဇာနိုသည် ၂၀၂၇ ခုနှစ်ထိ မက္ကဆီကိုအသင်း လက်ထောက်နည်းပြ အဖြစ်သာ တာဝန်ယူပေးရမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်မှ ၂၀၃၀ ထိသာ နည်းပြချုပ်တာဝန် ထမ်းဆောင်ရမည်ဖြစ်သောကြောင့် နည်းပြလိုဇာနိုက ကမ်းလှမ်းမှုကိုငြင်းဆို၍ ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြလိုဇာနိုသည် မက္ကဆီကိုအသင်းကို တာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း အသင်းနှင့်အတူ ကွန်ကာကပ်ဖိုးကပ်ဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မက္ကဆီကိုအသင်းသည် နှစ်နှစ်တာကာလအတွင်း နည်းပြလေးဦးထိ အပြောင်းအလဲပြုလုပ်ခဲ့ပြီး လိုဇာနိုထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် မက္ကဆီကိုအသင်းကို ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ တာဝန်ယူခဲ့သည် နည်းပြဟောင်း အဂွီရီကိုခန့်အပ်ရန် ဦးစားပေးကြိုးပမ်းနေပြီး အသက် ၆၅ နှစ်ရှိ နည်းပြအဂွီရီကလည်း မက္ကဆီကိုအသင်းနှင့်လက်တွဲရန် အသင့်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# မေဂျာလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် ဆူလီဗန်စံချိန်သစ်တင်

**ဝါရှင်တန် ဇူလိုင် ၁၈**

မေဂျာလိဂ်ပြိုင်ပွဲအဖြစ် ဖီလာဒယ်ဖီးယားနှင့် နယူးအင်္ဂလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဖီလာဒယ်ဖီးယားအသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယင်းပွဲစဉ်တွင် အသင်းအတွက် ဂိုးသွင်းယူခဲ့သည့် လူငယ်ကစားသမား ဆူလီဗန်မှာ မေဂျာလိဂ်သမိုင်းတွင် အသက် ၁၄ နှစ် ၂၉၃ ရက်ဖြင့် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်သစ်တင်ခဲ့သည်။

လူငယ်ကစားသမား ဆူလီဗန်သည် ပြီးခဲ့သည့်မတ်လက အသင်းကြီးနှင့် ပူးပေါင်းခွင့်ရခဲ့ပြီး ယခုပွဲစဉ်တွင် ပွဲကစားချိန် ၇၁ မိနစ်တွင် လူစားဝင်ခွင့်ရခဲ့ပြီးနောက် ပွဲချိန် ၈၄ မိနစ်တွင် အသင်းအတွက် ငါးဂိုးမြောက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ကာ မေဂျာလိဂ်သမိုင်းတွင် ၂၀၀၄ ခုနှစ်က အသက် ၁၄ နှစ် ၃၀၆ ရက်ဖြင့် ဂိုးသွင်းယူနိုင်ခဲ့သည့် ဖရက်ဒီအဒူ၏စံချိန်ကိုချိုးဖျက်၍ အသက် ၁၄ နှစ် ၂၉၃ ရက်ဖြင့် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆူလီဗန်သည် ကမ္ဘာတစ်ဝန်းရှိ ထိပ်သီးလိဂ်များတွင်လည်း ၂၀၂၂ ခုနှစ်က အာဆင်နယ်လူငယ်ကစားသမား နဝမ်နာရီ၏ အသက် ၁၅ နှစ် ၁၈၁ ရက်ဖြင့် ဂိုးသွင်းယူခဲ့သည့် စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့သည်။

လူငယ်ကွင်းလယ်ကစားသမား ဆူလီဗန်ကို ဖီလာဒယ်ဖီးယားမြို့ ဘောလုံးသမား မိဘနှစ်ဦးမှ မွေးဖွားခဲ့ခြင်းဖြစ်ပြီး အသက် ၁၀ အရွယ်တွင် ဖီလာဒယ်ဖီးယား လူငယ်အကယ်ဒမီသို့ ရောက်ရှိခဲ့ပြီး လေးနှစ်အကြာတွင် အသင်းကြီးတွင် ပွဲကစားခွင့်ရခဲ့ပြီး စံချိန်ကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းက ဆူလီဗန်ကိုခေါ်ယူရန် ကာလရှည်စောင့်ကြည့်နေကာ ကစားသမားကိုယ်တိုင်ကလည်း ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသောကြောင့် အသက် ၁၈ နှစ်ပြည့်ပါက ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသော်လည်း ဖီလာဒယ်ဖီးယားအသင်းတာဝန်ရှိသူများက အပြောင်းအရွှေ့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



# ကစားသမားဘဝမှအနားယူခဲ့သည့် အယ်ကန်တာရ ဘာစီလိုနာနည်းပြအဖွဲ့နှင့် ပြန်လည်ပူးပေါင်း

**ဘာစီလိုနာ ဇူလိုင် ၁၈**

ပြီးခဲ့သည့် ရက်သတ္တပတ်က ကစားသမားဘဝမှ အနားယူခဲ့သည့် လီဗာပူး ကစားသမားဟောင်း အယ်ကန်တာရာသည် နည်းပြဖလစ် တာဝန်ယူနေသည့် ဘာစီလိုနာအသင်း နည်းပြအဖွဲ့တွင် လေ့ကျင့်ရေးနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန် ပြန်လည်ပူးပေါင်းခဲ့သည်။

အသက် ၃၃ နှစ်ရှိ အယ်ကန်တာရာသည် ၂၀၂၀ ပြည့်နှစ်က ဘိုင်ယန်မြူးနစ်အသင်းတွင် နည်းပြဖလစ်နှင့် လက်တွဲခဲ့သူဖြစ်ပြီး အသင်းအား အဓိကဆုဖလား သုံးလုံးရရှိအောင် ၎င်း၏ ခြေစွမ်းပိုင်းဖြင့် ကူညီပေးခဲ့သောကြောင့် နည်းပြဖလစ်က အယ်ကန်တာရာ၏ စွမ်းဆောင်ရည်ကို သဘောကျခဲ့ပြီး နည်းပြအဖွဲ့တွင် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

အယ်ကန်တာရာသည် လူငယ်ကစားသမားဘဝကို ဘာစီလိုနာအကယ်ဒမီတွင် စတင်ခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် စီနီယာအသင်းကြီးတွင် ပူးပေါင်းခွင့်ရခဲ့ပြီး ၂၀၁၃ ခုနှစ်မတိုင်မီထိ ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၁ ပွဲထိ ပါဝင်ကစားခဲ့သည်။

၎င်းသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် ဒဏ်ရာမကြာခဏ ကြုံတွေ့ခဲ့ရပြီး ဘောလုံးရာသီ လေးရာသီတွင် ပြိုင်ပွဲစုံ ၉၈ ပွဲသာ ပါဝင်ခဲ့ရကာ ဒဏ်ရာကြောင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီး ရက်ပိုင်းအတွင်း ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဘာစီလိုနာအသင်း နည်းပြအဖွဲ့တွင် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။




အယ်ကန်တာရာ အနေဖြင့် ဘာစီလိုနာအသင်း နည်းပြအဖွဲ့တွင် ယာယီတာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး အနာဂတ်နှင့်ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိသေးဘဲ နည်းပြဖလစ်၏ နည်းပြအဖွဲ့ဝင်များဖြစ်သည့် မားကပ်ဆော့၊ တိုနီတာပယ်လိုဗစ်၊ ဝက်စတားမန်း၊ ဂျို့ရာမွန်တို့နှင့်အတူ လက်တွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ဝက်စ်ဟမ်းအသင်းကစားသမား ကူဒက်ကိုခေါ်ယူရန် ဆော်ဒီပရိုလိဂ်အသင်းများက ကြိုးပမ်းနေပြီး ပြီးခဲ့သည့်ရက်ပိုင်းက ကစားသမား၏ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းထွက်ပေါ်နေကာ ကူဒက်၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေကြောင်း သိရသည်။
- မေဂျာလိဂ်ကလပ် အယ်အေဂလက်ဆီအသင်းသို့ ကွင်းလယ်ကစားသမား မာကိုရူးစ် ပြောင်းရွှေ့ရန် သဘောတူညီမှုရခဲ့ကြောင်း ၎င်း၏ အေးဂျင့်များက ထုတ်ဖော်ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက အသက် ၃၈ နှစ်ရှိ ကွင်းလယ်ကစားသမား မိုဒရစ်ကို လာမည့် ၂၀၂၅ ခုနှစ်ထိ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- ယိုရိုကို လက်လွှတ်ခဲ့ရသည့် ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် အယ်နာဆာအသင်း ကစားသမား လာပေါ့တီကိုခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။

**ML**

# CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဟောင်းများဖြစ်သည့် ဟန်ဒါဆင်၊ လိုင်ဒီယာကိုနှင့် မီဂန်ခန်းတို့ ပါဝင်ယှဉ်ပြိုင်မည်

**အော့တဝါ ဇူလိုင် ၁၈**

ကနေဒါနိုင်ငံ ဗန်ကိုဗားမြို့တွင် ကျင်းပမည့် CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဟောင်းများ ဖြစ်ကြသည့် ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်၊ နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်းတို့ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ဟန်ဒါဆင်သည် ၂၀၁၈ ခုနှစ်တွင် CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သဖြင့် ၁၉၇၃ ခုနှစ်နောက်ပိုင်း CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ကနေဒါ ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သူ ဖြစ်သကဲ့သို့ လိုင်ဒီယာကိုက CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား သုံးကြိမ်အထိ ဆွတ်ခူးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး မီဂန်ခန်းက လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမျိုးသမီး ဂေါက်သီးရိုက်လောကမှ အကောင်းဆုံး ဂေါက်သီးရိုက်မယ်များတွေ့ဆုံမည့် ပြိုင်ပွဲဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာနိုင်ပြီး ချန်ပီယံဟောင်းများအပြင် လက်ရှိ ကမ္ဘာ့အဆင့်(၂)နေရာတွင်ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူ၊ ကမ္ဘာ့အဆင့်(၇)နေရာတွင် ရပ်တည်နေသည့် ဩစတြေးလျဂေါက်သီးရိုက်မယ် ဟန်နာဂရင်း၊ ကမ္ဘာ့အဆင့်(၉)နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် ရို့စ်ကျန်၊ ကမ္ဘာ့အဆင့်(၁၂)နေရာတွင် ရပ်တည်နေသည့် ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီတို့လည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် RPG FC အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက MFF Futsal Stadium တွင် ကျင်းပခဲ့ရာ RPG FC အသင်းက 7 Bro- ther FC အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲ အပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲကို ကိုင်တွယ်ခဲ့သော ဒိုင်လူကြီးများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက အမှတ်တရဆုတံဆိပ်များ ပေးခဲ့ပြီး ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရရှိသော 7 Brother FC အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် သုံးသိန်း ချီးမြှင့်သည်။

ဆက်လက်ပြီး ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့သော 7 Brother FC အသင်းမှ အောင်ကောင်းသန့်ကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသော RPG FC အသင်းမှ ကောင်းထက်ဇော်ကို ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်မိုးက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော Marga FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော 7 Brother FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးမျိုးမြင့်အောင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပထမဆုရရှိခဲ့သော RPG FC အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ဆုကြေးငွေကျပ် သိန်း ၅၀ ကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဘိုငွေးကလည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**STA**

# အာရှအမျိုးသမီးချန်ပီယံလိဂ် Preliminary Stage မဲခွဲပွဲ၌ မြဝတီအသင်း အုပ်စု(A)တွင်ကျရောက်

**ရန်ကုန် ဇူလိုင် ၁၈**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ အာရှအမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary Stage အတွက် အုပ်စုမဲခွဲခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် မြဝတီ အမျိုးသမီးအသင်းသည် အုပ်စု (A) တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၂၄-၂၀၂၅ အာရှအမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary Stage တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ အာရှအမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary stage အတွက် အုပ်စုမဲခွဲခဲ့ရာ မြဝတီ အမျိုးသမီးအသင်းသည် အုပ်စု(A)တွင် လာအိုကလပ် Young Elephants အသင်း၊ ယူအေအီးကလပ် Abu Dhabi Country အသင်း၊ ဆော်ဒီကလပ် Al Nassr အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

၂၀၂၄-၂၀၂၅ အာရှအမျိုးသမီးချန်ပီယံလိဂ်တွင် Prelimi- nary stage အုပ်စု(A)ကို ဆော်ဒီအာရေဗျကလပ် Al Nassr အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၅ မှ ၃၁ အတွင်းကျင်းပရန် စီစဉ်ထားသည်။

၂၀၂၄-၂၀၂၅ အာရှအမျိုးသမီး ချန်ပီယံလိဂ်တွင် Preliminary stage ကို အုပ်စုလေးခုခွဲထားပြီး အုပ်စုပထမရရှိသည့် အသင်းများမှာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။

မြဝတီ အမျိုးသမီးအသင်း အနေဖြင့် Preliminary stage အား ကျော်ဖြတ်နိုင်ခဲ့ပါက ခြေစစ်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲ အုပ်စု (A)သို့ တက်ရောက်ကစားရမည် ဖြစ်ကြောင်းသိရသည်။

**STA**

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၈)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ဆွေမာအောင်နှင့် ပွဲချိန် ၄၅ မိနစ်တွင် ဝင်းသီထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမား Phee Bay က ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ပဒုမ္မာအားကစားကွင်း၌ ကစားခဲ့သည့် ISPE အသင်းနှင့် မြဝတီအသင်းတို့ ပွဲစဉ်တွင်လည်း ISPE အသင်းက အကောင်းဆုံး ဖိအားပေး ကစားနိုင်ခဲ့ကာ သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ပွဲချိန် ၁၂ မိနစ်တွင် ရွှေရည်ထွန်းနှင့် ပွဲချိန် ၈၈ မိနစ်တွင် သန်းသန်းနွယ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ISPE အသင်းမှ တိုက်စစ်မှူး ရွှေရည်ထွန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

**STA**

# Swedish Open တင်းနစ် နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ရာဖေးလ်နာဒယ်နှင့် ကပ်စပါရုဒ်တို့တက်ရောက်

**ဘက်စတက် ဇူလိုင် ၁၈**

ဆွီဒင်နိုင်ငံ ဘက်စတက်မြို့တွင်ကျင်းပနေသည့် Swedish Open တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ် ကွာတားဖိုင်နယ်အဖြစ် ယနေ့တွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် နော်ဝေတင်းနစ် ကစားသမား ကပ်စပါရုဒ်တို့အတွဲသည် ပြင်သစ်တင်းနစ်ကစားသမား အရီဘော့ချ်နှင့် ရုရှားတင်းနစ်ကစားသမား ဆာဖူလင်တို့အတွဲကို (၆-၄၊ ၃-၆၊ ၁၂-၁၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲငယ်တစ်ပွဲစီ အနိုင်ရရှိခဲ့ကြပြီး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အဆုံးအဖြတ်ပွဲစဉ်တွင်လည်း အတွဲညီသည့် ရာဖေးလ်နာဒယ်တို့အတွဲက အနိုင်ရရှိခဲ့သည်။

ရာဖေးလ်နာဒယ်က "ကွာတားဖိုင်နယ်အဆင့်မှာ တစ်ဖက်အတွဲကလည်း တစ်ဦးချင်းစွမ်းရည်မြင့်မားတဲ့ ကစားသမားနှစ်ဦးတွဲထားတဲ့အတွက် အကြိတ်အနယ်ရှိတယ်။ ကစားရတာ တော်တော်လေးကိုခက်ခဲခဲ့ပါတယ်။ ဆွီဒင်မြေမှာလာကစားရတိုင်း အရမ်းစိတ်လှုပ်ရှားရပါတယ်။ ကွင်းလုံးပြည့်လာအားပေးတဲ့ ပရိသတ်တွေရဲ့ အားပေးသံတွေက ပြိုင်ပွဲကိုပိုပြီးတော့ အသက်ဝင်စေခဲ့ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ အခုလိုပဲ အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# Women Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်း ဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် Women Futsal Cup Mandalay 2024 ပြိုင်ပွဲအကြို Manager Meeting နှင့် အုပ်စုအဆင့်မဲခွဲပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက Min Khant Myanmar Sports Complex ရှိ ကော်မတီအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုနှင့် ကော်မတီတာဝန်ရှိသူများ၊ ကော်မတီ နည်းပြအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဇာနည်ကိုက ပြိုင်ပွဲဝင်အသင်းများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးစိုးကြည်သောင်းက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း တာဝန်ရှိသူများက ပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ ကော်မတီတာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ အုပ်စုအဆင့် မဲနှိုက်ခွဲဝေမှုများပြုလုပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

Women Futsal Cup Man- dalay 2024 ပြိုင်ပွဲကို အသင်း ငါးသင်းဖြင့် အုပ်စုပတ်လည်စနစ်ကစားမည်ဖြစ်ပြီး အဆင့်တစ်နှင့် နှစ်ရရှိသောအသင်း နှစ်သင်းမှာ ဗိုလ်လုပွဲအဆင့် ကစားရမည်ဖြစ်ပြီး အဆင့် ၃ နှင့် ၄ ရရှိသည့် အသင်းနှစ်သင်းမှာ တတိယလုပွဲ ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ၂၉ ရက်ထိ မန္တလာသီရိ အားကစားကွင်း အတွင်းရှိ Multi Purpose Stadium တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# အလွမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်သူ သို့မဟုတ် အဆိုကျော်ကြီး ကိုသန်းလှိုင်



ပြီးခဲ့သော တနင်္ဂနွေနေ့က ကျွန်တော့်ထံသို့ စာပေမိတ်ဆွေကြီး သုတေသီဦးမောင်မောင် ရောက်လာသည်။ ဦးမောင်မောင်မှာ ရဲအရာရှိအငြိမ်းစားတစ်ဦးဖြစ်ပြီး ငယ်စဉ်က ခေတ်ပြားရအဆိုတော်၊ တရားလွှတ်တော်ရှေ့နေ၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီး စသည့်ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သူ့ အမျိုးသားစာပေဆုရစာအုပ်မှာ "မြန်မာနိုင်ငံ၏ ခေတ်ပြားသမိုင်းသုတေသနကျမ်း"ဖြစ်သည်။

အဆိုပါစာအုပ်ကို ကျွန်တော့်ထံ လက်ဆောင်လာပေးခြင်းဖြစ်သည်။ အခန့်ချုပ်ကတ်ထူဖုံး၊ စာမျက်နှာ ၁၀၀၀ ကျော် တန်ဖိုး ၂၀၀၀၀ ဖြစ်သည်။ ကျွန်တော်သူ့လက်ဆောင်အတွက် အလွန်အားနာရသည်။ အားနာစကားပြောကြား၍ မဆုံးမီမှာပင် သူစုဆောင်းပြုစုထားသော "လက်ရွေးစင်ကာလပေါ် သီချင်းညွှန့်ပေါင်းကြီး"စာအုပ်ကိုပါ ထပ်ပေးသည်။ သူလည်း လက်သုံးလုံးလောက်ထူပြီး သီချင်းပုဒ်ရေပေါင်း ၂၀၀၀ ကျော်ပါဝင်သည်။ စာအုပ်တန်ဖိုးက ၁၂၀၀၀ ပါ။

ဆရာသုတေသီမောင်မောင်ကို အထူးကျေးဇူးတင်သဖြင့် အိမ်အနားက လက်ဖက်ရည်ဆိုင်တွင် ညှော်ခံသည်။ မတွေ့တာကြာပြီဖြစ်သော မိတ်ဆွေနှစ်ယောက်၊ စာပေစကား၊ သီချင်းစကား၊ သုတေသနစကား၊ မြန်မာစာစကား စသည်ဖြင့် စကားဖောင်ဖွဲ့ လိုက်ကြသည်မှာ သုံးနာရီလောက်ကြာသွား၍ လမ်းခွဲလိုက်ကြသည်။ နှစ်ယောက်သား၏ စကားများကား ပြောမကုန်နိုင်ပါ။

အိမ်ပြန်ရောက်တော့ ဆရာ့လက်ဆောင် တေးပေါင်းချုပ်စာအုပ်ကြီးကို မြည်းစမ်းကြည့်ပါတော့သည်။ သူ့စာအုပ်၏အမှာစာတွင် မြန်မာနိုင်ငံရှိ ထိပ်တန်းနာမည်ကျော် အဆိုတော်ကြီးများဖြစ်သည့် တင်တင်မြထား၊ ရီရီသန့်၊ မာမာအေး၊ ကိုမင်းနောင်၊ မောင်မောင်ကြီးတို့ အမှာစာသာမက မြင်းမူမောင်နိုင်မိုး၊ တက္ကသိုလ်မြတ်သူ၊ ဆရာကြီးဦးမြင့်ကြည်နှင့် မနုဿကျော်ဝင်းတို့၏ ချီးကျူးထောမနာအမှာစာများကို တဝကြီးဖတ်ရှုရသည်။

စာရေးသူက မိမိအကြိုက်ဆုံး အဆိုကျော်ကြီး ကိုသန်းလှိုင်၏ တေးများပါရာစာမျက်နှာကို ဦးစွာပထမဖွင့်ဖတ်မိသည်။ သူ့သီချင်းအပုဒ် ၂၀ တွေ့ရသည်။ ထိုသီချင်းများထဲတွင် ကိုယ်တိုင်ရေး၍ ကိုယ်တိုင်ဆိုခဲ့သောသီချင်း ၁၃ ပုဒ်ရှိသည်။ ထိုသီချင်းများမှာ သဇင်သို့ ပန်ကြားချက်၊ ဥသာလှိုင်ထိပ်ထား၊ မေတ္တာကမ္ဘာများဖြင့်မခြားလိုတယ်၊ ချစ်ရသည်က အသက်ထက်ဆုံး၊ တစ်ဆောင်းသစ်ပြန်ပြီ၊ ဖူးပွင့်ဝေစီ ၁၂ လရာသီ၊ တက္ကသိုလ်မြေမှဇာတ်လမ်းတစ်ပုဒ်၊ ကံ့ကော်မြိုင်တန်း၊ ချစ်သောရောဝတီ၊ မေတ္တာကမ္ဘာခြားလေသူ၊ မောင်ရင်ထဲမှာနွေပြီးနွေ၊ ကိုယ်မမေ့သည် စသောသီချင်းများဖြစ်သည်။ အဆိုပါသီချင်းများသည် တေးစာသားရော သံစဉ်ပါ နားဆင်သူအပေါင်း နှစ်သက်စွဲလမ်းစေခဲ့သည်။

ကိုသန်းလှိုင်၏ သီချင်းများသည် ယနေ့တိုင် မရိုးနိုင်သော တေးသီချင်းကောင်းများအဖြစ် တည်တံ့လျက်ရှိသည်။ အဆိုကျော်ကြီး ကိုသန်းလှိုင်၏ သီချင်းများကို မိမိတို့ဆယ်ကျော်သက် လူပျိုလူရွယ်မှ စတင်စွဲလမ်းနှစ်သက် သီဆိုခဲ့ရာ အသက် ၇၀ ကျော် ဇရာအရွယ်ရောက်သည့်တိုင်အောင် သူ့သီချင်းများကရင်ထဲတွင် ရှိနေဆဲဖြစ်သည်။ မမေ့မပျောက်သောစွဲလမ်းနှစ်သက်ရသော သီချင်းများပင်ဖြစ်သည်။ အခြားသော တေးရေးဆရာ၊ ဂီတစာဆိုများရေးသားပေးသော သီချင်းမှာလည်း လူကြိုက်များပြီးကောင်းမွန်သည်။

စကားပြောကောင်းတဲ့ မသည်းအူ၊ သည်နွေသည်မိုး သည်ဆောင်း မပြောင်းသော်လည်း၊ ငြင်းပယ်မှာလည်း စိုးမိတယ်၊ တစ်ဝက်မေတ္တာ၊ လှယမင်းနှင့်တွေ့ဆုံခြင်း၊ မေတ္တာဘုံက ပုံပြင်သက်ထား၊ ကြင်နာခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်၊ အလွမ်းတွေကို စမ်းရေထဲမှာ မျှောလိုက်မည်၊ မေတ္တာမွန်ဖြင့် အောင်နိုင်သူစေတနာ၊ ချစ်မိသူတစ်ယောက်ဝယ်၊ ချစ်မိသူတစ်ယောက်အကြောင်း ချစ်လိုလျက်နဲ့ဝေး၊ မလွမ်းသောမျက်ရည် စသည့်တေးများသည်လည်း ကိုသန်းလှိုင်၏ အဆိုပိုင်မှု၊ ရသမြောက်အောင် သီဆိုနိုင်မှုတို့ကြောင့် တေးလောကတွင် ယနေ့တိုင် ကျော်ကြားဆဲဖြစ်သည်။

ကိုသန်းလှိုင်ကို ၁၉၃၅ ခုနှစ် မတ် ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ ပြည်တော်သာလမ်းနေ ကုန်သည်ကြီး ဦးရွှေလင်း၊ ဒေါ်စောဥတို့က မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် ကိုသန်းလှိုင်က အငယ်ဆုံးသားဖြစ်သည်။

ကိုသန်းလှိုင်သည် မက်သဒစ်ကျောင်းနှင့် စိန့်ဂျွန်းကျောင်းတို့၌ ပညာဆည်းပူးခဲ့သည်။ စိန့်ဂျွန်းကျောင်းမှ ဆယ်တန်းအောင်သည်။ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

ဘွဲ့ရပြီးနောက် ပြည်သူ့ငွေချေးဌာန မန်နေဂျာ၊ ပြည်သူ့အိုးအိမ်အဖွဲ့ဝင် စာရင်းကိုင်၊ မီးရထားဌာနတွင် အလုပ်ကြပ် စသည်ဖြင့် အလုပ်လုပ်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှစ၍ အနုပညာဦးစီးဌာန၊ သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲတွင် သုတေသနမှူး(ဂီတ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ ကွယ်လွန်သည်ထိဖြစ်သည်။ အဆိုပါရာထူး၊ အနုပညာတာဝန်သည် ကိုသန်းလှိုင်၏ ဝါသနာအထုံနှင့်ကိုက်ညီသည်။

ကိုသန်းလှိုင်သည် ယဉ်ကျေးမှုအဖွဲ့နှင့်ဆိုဗီယက်ပြည်ထောင်စု၊ ဂျာမနီဒီမိုကရက်တစ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ အာရှတေးဂီတဆိုင်ရာ ပညာပေးအချက်အလက်များ ပူးပေါင်းထုတ်လုပ်မည့် ကျွမ်းကျင်သူများအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထို့ကြောင့် ကိုသန်းလှိုင်တွင် ဂီတပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်အတွေ့အကြုံရှိသည်။

ကိုသန်းလှိုင်၏ ပထမဂီတဆရာမှာ ဒေးဒရဲမြို့မှ ဆရာကြီး ဦးချမ်းအေးဖြစ်သည်။ ရွှေဒုံးမောင်အဖွဲ့တွင် "မမေ့တဲ့နိုင်"သီချင်းဖြင့် ဂီတလောကထဲသို့စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ အဆိုကျော်ကိုသန်းလှိုင်အဖြစ် ဂီတလောကတွင် တစ်စတစ်စ အောင်မြင်ကျော်ကြားလာခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ကိုသန်းလှိုင်သည် ပဲခူးသူမူမူမြင့်နှင့် လက်ထပ်သည်။ ကိုသန်းလှိုင်တွင် ကိုယ်ပိုင်ဂီတအဖွဲ့ 'သီတဂူ'အဖွဲ့ရှိသည်။ မိုးအဖွဲ့၊ စန္ဒရားနီနီအဖွဲ့တို့တွင်လည်း သီဆိုသည်။

ပြန်လည်ထုတ်ဝေသည့်အခါတိုင်း အမှားပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များထည့်ခဲ့သည့်အတွက် ဂီတချစ်မြတ်နိုးသူ၊ ဂီတသုတေသီတို့ အလွန်အားကိုးရသော "ခေတ်ဟောင်းသီချင်းပေါင်းချုပ်ကျမ်း"အဖြစ် ကိုးကားနိုင်သည်ကိုတွေ့ရသည်။ ထိုကျမ်းတွင် သီဆိုသူ၊ မာတိကာ၊ သီချင်းရေးဆရာ(ဂီတစာဆို)တို့ကို မာတိကာခွဲလျက် စနစ်တကျပြုစုထားသည်ကိုတွေ့ရသည်။ ကိုသန်းလှိုင်သည် **"ဂီတသုတေသနစာဆို"**ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

၁၉၇၅ ခုနှစ် ဧပြီလတွင် ချင်းတွင်းစာအုပ်တိုက်က ထုတ်ဝေသော စစ်ကြိုခေတ်အနုပညာရှင်များစာအုပ်မှာလည်း ကိုသန်းလှိုင်၏ ထူးခြားကောင်းမွန်သော သုတေသနစာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် မကြည်အောင်၊ ဥဩဘသောင်၊ ခင်မောင်ရင်၊ မအေးမိ၊ စိန်ပါတီ ပြည်လှဖေ၊ ဖေရှင် စသည့် ခေတ်ဟောင်းအဆိုတော်ကြီးများ၏အကြောင်းကို မှတ်တမ်းတင်ထားသော အတ္ထုပ္ပတ္တိစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ကိုသန်းလှိုင်သည် **"မမေ့ကောင်း၊ မပျောက်ကောင်း"**သော ခေတ်ဟောင်းအပုဒ် ၂၀၀၀ ကျော်ကို စုဆောင်းနိုင်ခဲ့သူ ဂီတသုခုမအနုပညာ သုတေသီကြီးတစ်ဦးပင်ဖြစ်သည်။

'အဘိဓာန်ကျမ်း'သည် ကိုသန်းလှိုင် နောက်ဆုံးရေးသားခဲ့သောကျမ်းဖြစ်သည်။ ယဉ်ကျေးမှုတက္ကသိုလ်၏ ဆရာကိုင်ကျမ်းစာအုပ်ကြီးဖြစ်သည်။ ထိုကျမ်းတွင် ဇာတ်သဘင်နှစ်ပါးသွားသီချင်းများနှင့် ဇာတ်သဘင်အခေါ်အဝေါ်စကားများပါဝင်သည်။

> ❖ ကိုသန်းလှိုင်သည် ယဉ်ကျေးမှုအဖွဲ့နှင့် ဆိုဗီယက်ပြည်ထောင်စု၊ ဂျာမနီဒီမိုကရက်တစ်နိုင်ငံတို့သို့ သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံသို့ အာရှတေးဂီတဆိုင်ရာ ပညာပေးအချက်အလက်များ ပူးပေါင်းထုတ်လုပ်မည့် ကျွမ်းကျင်သူများအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထို့ကြောင့် ကိုသန်းလှိုင်တွင် ဂီတပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်အတွေ့အကြုံရှိသည်။ ကိုသန်းလှိုင်၏ ပထမဂီတဆရာမှာ ဒေးဒရဲမြို့မှ ဆရာကြီး ဦးချမ်းအေးဖြစ်သည်။ ရွှေဒုံးမောင်အဖွဲ့တွင် "မမေ့တဲ့နိုင်"သီချင်းဖြင့် ဂီတလောကထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ အဆိုကျော် ကိုသန်းလှိုင်အဖြစ် ဂီတလောကတွင် တစ်စတစ်စ အောင်မြင်ကျော်ကြားလာခဲ့သည်။❖

ကိုသန်းလှိုင်သည် ဂီတပညာရှင်၊ စာပေပညာရှင်သာမက သုတေသနပညာရှင်သာမက ဂီတကောင်စီ၏တာဝန်ဖြစ်သော ဂီတကောင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်၏။

ကိုသန်းလှိုင်သည် ငယ်ငယ်ရွယ်ရွယ် အသက် ၄၉ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ မှတ်မှတ်ရရ ဇွန် ၁၇ ရက် နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခြင်းဖြစ်သည်။

ကိုသန်းလှိုင်ကွယ်လွန်မှုသည် မိသားစုအတွက်လည်းကောင်း၊ ဂီတလောကအတွက်လည်းကောင်း၊ စာပေလောကအတွက်လည်းကောင်း အလွန်တရာဝမ်းနည်းကြေကွဲဖွယ် ဆုံးရှုံးမှုကြီးတစ်ရပ်ပင်ဖြစ်ပါတော့သည်။

တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုး၊ ဂီတနှင့်စာပေအကျိုး၊ အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို ဆောင်ရွက်နိုင်သေးသောအရွယ်၊ သန်သန်မာမာ၊ ထက်ထက်မြက်မြက်၊ လုပ်နိုင်ကိုင်နိုင်သောအရွယ်၊ အလွန်ငယ်သေးသောကြောင့် ပို၍ယူကျုံးမရဖြစ်ရသည်။

ကွယ်လွန်ချိန်တွင် ဇနီး မူမူမြင့်နှင့် သား မောင်ဝင်းဦးလှိုင်၊ မောင်ဝင်းမြင့်လှိုင်တို့ ကျန်ခဲ့သည်။

ကိုသန်းလှိုင်ရေးသားသော "ခေတ်ဟောင်းတေးသီချင်း"စာအုပ်မှာ ပထမအကြိမ်ထုတ်စဉ် (၁၉၇၀) ကပင် ကျွန်တော့်ထံတွင်ရှိသည်။ သိပ္ပံဘွဲ့ရသဖြင့် အဖေဝယ်ပေးသော စာအုပ်လက်ဆောင်ဖြစ်သည်။ ယခုဆိုလျှင် ၅၄ နှစ်တိုင် ကြာခဲ့ပေပြီ။ ကျွန်တော့်အိပ်ရာဘေး စာအုပ်စင်တွင်ရှိဆဲပါ။

"ဤစာအုပ်သည် တိုင်းပြည်နှင့်လူမျိုးအတွက်လည်းကောင်း၊ ဂီတအနုပညာရှင်များ၊ သုတေသီများနှင့် ဝါသနာရှင်များအတွက်လည်းကောင်း၊ တစ်နည်းတစ်ဖုံအထောက်အပံ့ဖြစ်ပါမူ စာရေးသူစုဆောင်းပြုစုရကျိုးနပ်ပြီဟု ဆိုချင်ပါတော့သည်" ဟူ၍ ရေးသားခဲ့သည်။

ရက်စွဲမှာ ၁၉၇၄ ခုနှစ် ဇွန် ၁၃ ရက် ဖြစ်သည်။ မှန်ပါသည်။ "ခေတ်ဟောင်းတေးသီချင်းပေါင်းချုပ်" စာအုပ်သည် တိုင်းပြည်အတွက် အထောက်အပံ့ဖြစ်သည်။ ဂီတပညာရှင်များ၊ သုတေသီဝါသနာရှင်များအတွက်လည်း များစွာအထောက်အပံ့ရသည်။ စာကိုးကျမ်းကိုး၊ စကားကိုးအားကိုးရသည်။ ရည်ညွှန်းသီချင်း၊ ဂီတသုတေသန ကျမ်းတစ်စောင်ဟု သတ်မှတ်နိုင်သည်။

ကိုသန်းလှိုင်သည် စာပေ၊ ဂီတ၊ သုတေသန အဘက်ဘက်က စွယ်စုံရသော အဆိုကျော်ဂီတစာဆိုတစ်ဦးဖြစ်၍ ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နို့ထမင်း ရုပ်ရှင်ဇာတ်ကား Premiere Show ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၈**

ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နို့ထမင်း ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်) ထံမှ သိရသည်။

နို့ထမင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မြင့်ဦးဦးမြင့်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းခဲ့ကာ ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်) က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကတည်းက ရိုက်ချင်ခဲ့တဲ့ ဇာတ်လဖြစ်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ကလဲ မေတ္တာဖွဲ့ဇာတ်တွေပဲ ရိုက်တဲ့သူပါ။ ဒီလိုအချိန်မှာ ဒီလိုဇာတ်မျိုးရိုက်ဖို့က မလွယ်ပါဘူး။ မြင့်မြတ်စီစဉ်ပေးလို့ ခတ္တိယထုတ်လုပ်ရေးနဲ့ ရိုက်ဖြစ်ခဲ့တာပါ။ ဒီထုတ်လုပ်ရေးက ဒီဇာတ်ကားကို အကုန်အကျခံပုံဖော်ခွင့်ပေးလို့ ကျွန်တော်ဖြစ်ချင်တဲ့ မိသားစုဒရာမာဇာတ်ကားကောင်းတစ်ကား ဖြစ်ခဲ့ပါတယ်။ ဒီဇာတ်ကားက ဒရာမာသီးသန့် မဟုတ်ဘဲ အချစ်၊ အလွမ်း အပြင် အမုန်းနဲ့ အာဃာတတရားတွေကို ထည့်သွင်းထားတာမို့ ရသစုံပါဝင်တဲ့ဇာတ်ကားလို့လဲ ပြောလို့ရပါတယ်"ဟု ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်) က ပြောပြသည်။

နို့ထမင်းဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ဖြိုးလေး၊ စစ်နိုင်၊ ထူးခြား၊ စိုးမြတ်သူဇာ၊ ခင်ဝင့်ဝါ၊ ဝေလာရီ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# တေးရေး တေးဆို စိုင်းဆိုင်မောဝ် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၁၈**

ရှမ်းတိုင်းရင်းသား နိုင်ငံကျော် တေးရေး တေးဆို စိုင်းဆိုင်မောဝ် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ကောင်းအထူးကုဆေးရုံတွင် ကျောက်ကပ်ရောဂါဖြင့် ဇူလိုင် ၁၇ ရက် ည ၇ နာရီခန့်က ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

တေးရေး တေးဆို စိုင်းဆိုင်မောဝ်သည် ကွယ်လွန်ချိန်တွင် အသက် ၇၇ နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းသည် ကျောက်ကပ်ရောဂါခံစားနေရသူဖြစ်ကာ ကျန်းမာရေးချို့ယွင်းမှုကြောင့် ဆေးရုံတက်ရောက်စဉ် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဝါရင့် စတီရီယို တေးသံရှင်ကြီး စိုင်းဆိုင်မောဝ် ကွယ်လွန်သွားတာ မှန်ပါတယ်။ သူမိသားစုနဲ့လဲ အဆက်အသွယ် ရပါတယ်။ ကျွန်တော်တို့ ဂီတလောကအတွက်တော့ ဆုံးရှုံးမှုကြီးတစ်ခုပါပဲ။ သူရဲ့တေးသီချင်းတွေ အားလုံးနီးပါး လူကြိုက်များ ထင်ရှားတဲ့အတွက် ထူးချွန်သူ တစ်ယောက်ပါ"ဟု ဦးလွင်မြင့်က ပြောပြသည်။



တေးရေး တေးဆို စိုင်းဆိုင်မောဝ်သည် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် မွေးဖွားခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဇာတိ ရှမ်းတိုင်းရင်းသားတစ်ဦးဖြစ်ပြီး အမည်အရင်းမှာ စိုင်းညွှန့်မောင်ဖြစ်ပြီး စိုင်းဆွမ်ယုတ် အမည်ဖြင့်လည်း တေးသီချင်းများ ရေးသားသီဆိုခဲ့ဖူးကာ စိုင်းဆိုင်မောဝ်အမည်ဖြင့် ထင်ရှားအောင်မြင်ခဲ့သူဖြစ်ကြောင်း သိရသည်။

တေးဆိုတစ်ဦးအဖြစ်သာမက တေးရေးအဖြစ်ပါ ကျော်ကြားခဲ့သူ တေးသံရှင်ကြီး စိုင်းဆိုင်မောဝ်၏ ကျွန်တော့်ရဲ့စိမ်း၊ ရှမ်းပဲပုတ်လေး ကျွန်တော်၊ မောင်ပေးတဲ့အချစ် ပြန်ဆပ်ခဲ့ပါ၊ ချယ်ရီတွေငိုနေပြီ နန်းရယ်၊ မောင့်မလွမ်းပို၊ တောင်ပြာတန်းက သိတယ် စသည့်တေးသီချင်းများမှာ အောင်မြင်ထင်ရှားသည့် တေးသီချင်းများဖြစ်ကြောင်း သိရသည်။ ASH

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ရွှေ့လျားဈေးပွဲတော်ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပပြုလုပ်သွားမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ရွှေ့လျားဈေးပွဲတော် (Mobile Market) ကို ဇူလိုင် ၁၉ ရက်မှ ဇူလိုင် ၂၁ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ ရွှေ့လျားဈေးပွဲတော်ကာလအတွင်း ပွဲတော်လာပြည်သူများကို တေးဂီတဖျော်ဖြေတင်ဆက်မှုများ၊ ကလေးငယ် အကအဖွဲ့များဖြင့် အကဖျော်ဖြေတင်ဆက်မှုများ၊ မျက်လှည့်ပြကွက်များ၊ တိရစ္ဆာန်လေးများ၏ စိတ်ဝင်စားဖွယ်ကောင်းသည့် ထူးခြားချက်များနှင့် အထွေထွေဗဟုသုတများကို ဆွေးနွေးပြောပြပေးသွားမည့် Talk Show အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ရွှေ့လျားဈေးပွဲတော်အတွင်းမှာ Joy Band နဲ့ Desks Band တေးဂီတအဖွဲ့တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ တေးသံရှင် ဖြိုးကျော်ထိုက်ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ Junior Azalea Star အဖွဲ့က ကလေးငယ်တွေရဲ့ Baby Talent Show တွေ၊ Rose Mary ရဲ့ ဖျော်ဖြေတင်ဆင်မှုတွေနဲ့ Joker ရဲ့ ရင်သက်ရှုမောဖွယ် တင်ဆက်မှုတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့ပြင် တိရစ္ဆာန်လေးတွေရဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ ထူးခြားချက်လေးတွေနဲ့ အထွေထွေဗဟုသုတတွေကို ဆွေးနွေးပြောကြားပေးမဲ့ အစီအစဉ်တွေ၊ ဓာတ်ပုံလှလှလေးတွေ ရိုက်ကူးလို့ရနိုင်မဲ့ Photo Booth တွေ၊ ဂိမ်းအစီအစဉ်တွေ၊ မျက်လှည့်အစီအစဉ်တွေ၊ ငှက်လိမ္မာလေးတွေနဲ့ ဓာတ်ပုံရိုက်ကူးတာတွေ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပညာပေးပြကွက်တွေနဲ့ ညဏ်စမ်းအစီအစဉ်တွေအပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်တွေများစွာ ပါဝင်မှာဖြစ်ပါတယ်"ဟု ဦးသန်းမြင့်ထွန်းက ပြောပြသည်။

အလားတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် မိုးရာသီအကြို ဈေးရောင်းပွဲတော်နှင့် Back to School Event ကို ပြီးခဲ့သည့် မေ ၁၇ ရက်မှ မေ ၁၉ ရက်ထိစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ASH

# Video Killed the Radio Star ၌ ဟားရီးယက်ကိန်းနှင့် လုဘရန်ဒွန်တို့ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၈**

Video Killed the Radio Star အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် မင်းသမီး ဟားရီးယက်ကိန်းနှင့် မင်းသား လုဘရန်ဒွန်တို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဂီတဗီဒီယိုယဉ်ကျေးမှုက အစဉ်အလာ ရေဒီယိုထုတ်လွှင့်မှု လုပ်ငန်းကို ခြိမ်းခြောက်လာသည့် ၁၉၈၀ ပြည့်နှစ်ကာလကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Video Killed the Radio Star ဇာတ်ကားကို ဒါရိုက်တာဘရက်ဝပ်ဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာဘရက်ဝပ်ဆန်သည် မကြာသေးမီကမှ The Seige အမည်ရှိ အက်ရှင်ဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

Video Killed the Radio Star ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘင်ချားအက်ဒွပ်နှင့် ကာ့စ်တီဘဲတို့က ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Video Killed the Radio Star ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**





# Night Nurse လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မီယီရော်ဂျာနှင့်ဆီမရီပက်ဆွိုင်းတို့ သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၈**

Night Nurse အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး မီယီရော်ဂျာနှင့်ဆီမရီပက်ဆွိုင်းတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

Night Nurse ဇာတ်ကားသည် နယ်မြို့လေးတစ်မြို့ရှိ လူအိုရုံတစ်ခုမှ သူနာပြုဆရာမတစ်ဦးကြုံတွေ့ခဲ့ရသော လျှို့ဝှက်သည်းဖို အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Night Nurse ဇာတ်ကားကို အမျိုးသမီး စာရေးဆရာဒါရိုက်တာ ဂျော်ဂျီယာဘန့်စတိန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Night Nurse ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် အောက်တိုဘာလတွင် စတင်ရန်ထုတ်လုပ်သူများက စီစဉ်ထားသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဂျော်ဂျီယာဘန့်စတိန့်ကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Night Nurse ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# Pro Tem President U Myint Swe receiving medical treatment on medical leave

**Nay Pyi Taw July 18**

Beginning early 2023, Pro Tem President U Myint Swe was receiving medical treatment regularly by a team comprising specialist physicians as he was suffering from psychomotor retardation and malnutrition. A medical check-up showed that he was also suffering from bradykinesia and its related disease, nervous system disorder. So he underwent medical treatment for the nervous system disorder. He underwent neurological check and treatment at Mount Elizabeth Medical Center in Singapore from 15-4-2024 to 19-4-2024 and also at Military Hospital 2 (1000 bed) from 27-5-2024 to 18-6-2024.

During the time, cataract surgery on both of his eyes was successful and his vision improved. However, he was still suffering from nervous system disorder. So, he took medical leave and received close healthcare from a special medical team at home. A special medical team comprising Union Minister for Health Dr. Thet Khaing Win and other eight members checked his health condition on 30-6-2024 and 14-7-2024 and found that it was not improving. As he could not perform his day-to-day activities including food intake he is being provided with close healthcare under the arrangement of the State Administration Council. 100

# Myanmar's Response to Joint Press Statement by EU and some countries on Humanitarian Situation in Myanmar

It is observed that a joint press statement on the humanitarian situation in Myanmar was delivered by US Ambassador Robert Wood, Alternative Representative for Special Political Affairs, on behalf of the EU and some countries at the media stakeout of the United Nations Headquarters in New York on 15 July 2024.

The said joint press statement includes allegations, groundless and fraudulent elements, which are far from the reality. Myanmar firmly upholds its fundamental principle of assuring all available assistance reaches the needy population without any discrimination through cooperation at its best with the United Nations and countries that have genuine attitudes towards Myanmar to help. As such, the Government has been receiving all the humanitarian assistance for the needy people, which is provided through the ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre).

The Government has been facilitating the travel access and delivery of humanitarian assistance requested by the UN and international organizations depending on security conditions as much as possible. The Government has been taking necessary security measures with the utmost restraint to protect the lives and properties of its people. On the other hand, over 7,880 innocent civilians have lost their lives so far due to the inhumane attacks by terrorist groups in Myanmar. The joint press statement neglects such terrorist acts.

The United Nations Security Council Resolution 2669 is largely politicized. Myanmar reiterates its stance to uphold the 2008 Constitution, existing laws and fundamental principles as the only norms in implementing national tasks.

The Ministry of Foreign Affairs strongly rejects the groundless accusations contained in the politically motivated joint press statement of the EU and some countries that do not reflect the on-ground situation of the country.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**18 July 2024**

# Sagaing District plants more than 2,000 acres of Tragacanth gum trees this monsoon



A Tragacanth gum plantation.

**Sagaing July 18**

According to the statistics of Sagaing District Agriculture Department, a total of 2,694 acres of Tragacanth gum plants have been grown in Sagaing District of Sagaing Region this monsoon.

The district earmarked 2,694 acres of Tragacanth gum plants this monsoon. Local farmers planted 579 acres of Tragacanth gum plants in Sagaing Township, 2,056 acres in Myinmu Township and 59 acres in Myaung Township, totalling 2,694 acres.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "Local farmers have planted Tragacanth gum plants meeting the target this year. The plant can be grown in try region successfully."

In 2024-25 monsoon season, Sagaing Township earmarked 579 acres of Tragacanth gum plants, Myinmu Township 2,056 acres and Myaung Township 59 acres.

Staff from relevant agriculture departments urged local farmers to use GAP. The products of Tragacanth gum plants with lesser residue of chemicals can fetch good prices in the market.

Agriculture Department planned to cooperate with chamber of merchants for local farmers to fetch good prices of Tragacanth gum plants and increase per-acre yield. 206

# More than 4,000 acres of banana planted in Shwebo District

**Shwebo July 18**

A total of 4,019 acres of croplands have been placed under banana plants in Shwebo District of Sagaing Region this monsoon, the statistics of Shwebo District Agriculture Department stated.

In 2024-25 monsoon season, the district earmarked 4,019 acres of banana. So far, Shwebo Township has grown 1,420 acres of banana, Wetlet Township 2,311 acres, KhinU Township 268 acres and Kyaukmyaung 20 acres, totalling 4,019.

Daw Zar Zar Min, assistant director of Shwebo Township Agriculture Department stated: "This monsoon, Shwebo District earmarked more than 4,000 acres of banana. So far, local farmers have planted banana meeting the target. They planted banana on the dikes of paddy fields."

In 2023-24 monsoon, they also met target cultivation of banana on 4,019 acres, compared with 7,617 acres in 2021-22 monsoon.

Local farmers planted 1,000 banana saplings per saplings of banana, costing some K2 million per acre. But, they can bag K5 million per acre in harvesting of banana. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 6,000 acres of summer paddy reaped in Pwintbyu Township this cultivation season



Paddy being threshed with the use of machinery.

**Pwintbyu July 18**

A total of 6,876 acres of summer paddy has been harvested in Pwintbyu Township of Magway Region, said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

The farmers planted 23,668 acres of summer paddy against the target of 31,287 acres this summer. Local farmers have reaped 6,876 acres of summer paddy, yielding 97 baskets per acre.

"Our department helped local farmers use agricultural techniques, harvesting technology, keeping paddy under shelters, and storage of quality strains of paddy seeds. Moreover, the Agricultural Mechanization Department assists in harvesting paddy for farmers in time," she added.

Local farmers use irrigation facilities from Mezali diversion weir for their paddy farms with the use of solar power water pumping process. Relevant departments supply water to paddy farms for thriving of plants.

Ye Win Naing (NyaungU)

# Local farmers grow vegetables in monsoon in Kalay Township

**Kalay July 18**

A total of 1,818 acres of croplands have been placed under vegetable plants in monsoon this year in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

The township earmarked 8,040 acres of vegetables this monsoon in 2024-25 but local farmers have planted 1,818 acres of vegetable crops.

"So far, local farmers have planted mustard, chilli, tomato, cabbage, cauliflower and ladyfinger on more than 1,000 acres of croplands against the target of over 8,000 acres. Agricultural staff educated local farmers to use GAP system to lessen residue of chemicals at vegetable crops," said U Naing Tun Win, Head of Kalay Township Agriculture Department.


A vegetable plantation.

Agricultural staff members raised farmer awareness to expand sown acreage of vegetable plants, use GAP system and make natural fertilizers and pesticides for their patches.

Thanks to vegetable plantations, local farmers can earn increased incomes for their families. 206

# Feature: Railway freight shipment transforms Afghan border town into bustling hub

**Hairatan July 18**

The clatter of trains, the sight of scattered containers, and the lines of trucks awaiting goods in the Hairatan land port of north Afghanistan present a stark contrast to the country's economic challenges. Each day, thousands of people are busily working here to support their families.

Previously serving merely as a bridge between Afghanistan and neighboring Uzbekistan, the Hairatan crossing point in Balkh province has evolved into a bustling hub since the arrival of the first cargo train from China in September 2016.

"It is about one and a half years since our company hired two more employees due to the increase in containers arriving from China. Now we have four people working here," Hashmatullah, a representative of the local transport company Ferdows Barin, told Xinhua.

The establishment of this land corridor, connecting landlocked Afghanistan to Central Asian states and onward to China, represents a step towards the revival of the ancient Silk Road.

Hashmatullah, speaking from Hairatan port, noted that trade relations between Afghanistan and China via the crossing have gained momentum over the past three years, creating direct and indirect employment for many.

Xinhua

# Black bean in high demand at Mandalay market

**Mandalay July 18**

Demands from merchants at home and abroad increase trading of black bean at present. So, trading of black bean has been good starting from the second week of July, according to the local merchants.

"Black bean is high demand in Mandalay market. Now, trading of black bean is high in Yangon, Mandalay and other major cities," said a merchant.

Due to high demand, black bean fetched K290,000 per bag in Mandalay market on 13 July.

"Gram, sesame and black bean are in high demand in Mandalay commodity centre. At present, merchants eye purchase of black bean in domestic market of Mandalay," he continued.

184

# UNRWA says struggles to prevent spread of diseases in Gaza

**Gaza July 18**

The United Nations Relief and Works Agency for Palestine Refugees in the Near East (UNRWA) said Wednesday that it is struggling to prevent the spread of diseases among displaced people in the Gaza Strip.

"High temperatures, severe overcrowding, water scarcity, and a severe shortage of personal hygiene and cleaning supplies such as soap, shampoo, and disinfectants lead to an increase in skin infections and bacterial contamination among the displaced," the UNRWA said on social media platform X.

The UN agency said it is making great efforts to control the spread of this infection and prevent the exacerbation of similar cases through its health centers, despite the limited resources and lack of treatments in its warehouses.

The agency stressed the necessity to reach a ceasefire in Gaza as soon as possible.

During the past 24 hours, the Israeli military killed 81 people and wounded 198 others, bringing the total death toll to 38,794 and injuries to 89,364 since the Palestinian-Israeli conflict broke out in early October 2023, Gaza-based health authorities said in a statement on Wednesday.

Israel launched a large-scale offensive against Hamas in the Gaza Strip to retaliate against a Hamas rampage through the southern Israeli border on Oct. 7, 2023, during which about 1,200 people were killed and around 250 were taken hostage.

Xinhua


People inspect a destroyed building in the Nuseirat refugee camp in central Gaza, on July 17, 2024.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံ Fores ကုမ္ပဏီက ယူကရိန်းအထူးစစ်ဆင်ရေးတွင် F-16 တိုက်လေယာဉ်အား ပထမဆုံးပစ်ချနိုင်ပါကဆုကြေးငွေချီးမြှင့်မည်



အနောက်နိုင်ငံများက ယူကရိန်းထံ လွှဲပြောင်းပေးမည့် အမေရိကန်ထုတ် F-16 တိုက်လေယာဉ်များကို ပထမဆုံး ပစ်ချနိုင်မည့်စစ်သည်ကို ရုရှားနိုင်ငံ ပုဂ္ဂလိကပိုင် Fores ကုမ္ပဏီက ဆုကြေးငွေ ချီးမြှင့်သွားမည်ဟု ကြေညာလိုက်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကြွေထည်ပစ္စည်းများထုတ်လုပ်ရောင်းချနေသည့် Fores ကုမ္ပဏီသည် ရုရှားတပ်မတော်မှ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်နိုင်ခဲ့သော အနောက်တိုင်းထုတ် စစ်လက်နက်ပစ္စည်းများအတွက် ယခင်ကလည်း ဆုငွေများချီးမြှင့်ခဲ့ဖူးသည်။

အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ နော်ဝေးနှင့် နယ်သာလန်တို့သည် ယခုနှစ်ကုန်တွင် ယူကရိန်းစစ်ဘက်ကို F-16 တိုက်လေယာဉ်အနည်းဆုံးအစင်း ၆၀ ထိ ပံ့ပိုးပေးမည်ဟု ကတိပြုထားကြကြောင်း သိရသည်။

ဇူလိုင်လအစောပိုင်းတွင် နယ်သာလန်အစိုးရမှပံ့ပိုးမည့် တိုက်လေယာဉ် ၂၄ စင်းအနက်မှ ပထမဆုံးအသုတ်ကို လွှဲပြောင်းပေးမည်ဟု ကြေညာခဲ့သည်။

အဆိုပါပေးပို့မည့် F-16 တိုက်လေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းအတွက် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း Fores ကုမ္ပဏီလက်ထောက် CEO ဖြစ်သူ Ilya Potanin ၏ပြောကြားချက်ကို ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ဇူလိုင် ၁၆ ရက်တွင် ဗီဒီယိုဖိုင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

F-16 တိုက်လေယာဉ်အား ပထမဆုံး ပစ်ချနိုင်ခဲ့မှုအတွက် ပေးအပ်မည့်ဆုကြေးမှာ ရူဘယ် ၁၅ သန်း (အမေရိကန်ဒေါ်လာ ၁၇၀၀၀၀)ရှိကြောင်း၊ ယခုနှစ်နွေရာသီအစောပိုင်းက စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ် (SPIEF)တွင် ကုမ္ပဏီ CEO Ilya က ထိုအစီအစဉ်များကို အတည်ပြုခဲ့ပြီးဖြစ်သည်ဟု ကုမ္ပဏီ၏အမှုဆောင်အရာရှိက ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်များကိုခုခံကာကွယ်ရန်နှင့် ရှေ့တန်းစစ်မျက်နှာများတွင် လေကြောင်းသာလွန်မှုကိုစိန်ခေါ်ယှဉ်ပြိုင်နိုင်ရန် F-16 တိုက်လေယာဉ်များလိုအပ်သည်ဟု ယူကရိန်းဘက်က ပြောကြားထားသည်။

ရုရှားနိုင်ငံက F-16 တိုက်လေယာဉ်များသည် ယူကရိန်းအား ပေးအပ်သည့် အခြားသောအနောက်နိုင်ငံထုတ် စစ်လက်နက်များကဲ့သို့ပင် ပဋိပက္ခ၏ရလဒ်ကို ပြောင်းလဲနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ရုရှားတပ်မတော်အနေဖြင့် ယခင်အတိုင်းပင် တိုက်လေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ယခုနှစ်အစောပိုင်းတွင် ပြောကြားထားခဲ့သည်။ အမေရိကန်ထုတ် Abrams၊ ဂျာမနီထုတ် Leopard တင့်ကားများအပါအဝင် အနောက်နိုင်ငံထုတ် အကြီးစား တင့်၊ သံချပ်ကာများကို ၂၀၂၃ ခုနှစ်အစောပိုင်းတွင် ယူကရိန်းအား ပံ့ပိုးပေးရန် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ဆုံးဖြတ်ချက်နှင့်အတူ ရုရှားနိုင်ငံစီးပွားရေးလုပ်ငန်းများနှင့် တာဝန်ရှိသူများက အဆိုပါစစ်လက်နက်ပစ္စည်းများကို သိမ်းပိုက်ရရှိခြင်း သို့မဟုတ် တိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းများအပေါ် ဆုကြေးငွေအမြောက်အမြားချီးမြှင့်ခဲ့ကြသည်။

Potanin ၏အဆိုအရ Foresကုမ္ပဏီသည် အလားတူဆုငွေများကို ခုနစ်ကြိမ်တိုင်တိုင် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ Fores ကုမ္ပဏီသည် "Abrams နှင့် Leopards တင့်ကား ၁၇ စီး"ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းအတွက် ရုရှား၏ အမြောက်နှင့်ဒရုန်းစစ်ဆင်ရေး အပါအဝင် တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးမှ အရာရှိ စစ်သည်များအား ဆုကြေးငွေများ ပေးအပ်ခဲ့ပြီး အဆိုပါစစ်လက်နက်ပစ္စည်းတစ်မျိုးစီအတွက် ရူဘယ် ငါးသိန်း (အမေရိကန်ဒေါ်လာ ၅၆၄၁ )ကို စစ်သည်များအား ချီးမြှင့်ခဲ့သည်ဟု Fores လက်ထောက်စီအီးအိုက ပြောကြားခဲ့ကြောင်း သိရသည်။

**Bounty offered for first F-16 downed in Ukraineconflict ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းရှိ ဂျာမနီထုတ်ကင်းထောက်ဒရုန်းများတွင် AI အခြေပြုလမ်းကြောင်းပြစနစ်များဖြင့် အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့

ဂျာမနီနိုင်ငံ Quantum Systems ကုမ္ပဏီသည် ယူကရိန်းတွင်ဖြန့်ကြက်အသုံးပြုလျက်ရှိသော ၎င်း၏ Vector ကင်းထောက်ဒရုန်းများကို AI အခြေပြုလမ်းကြောင်းပြစနစ်များဖြင့် အဆင့်မြှင့်မှုများပြုလုပ်ခဲ့ပြီး ကမ္ဘာ့ဂြိုဟ်တုလမ်းကြောင်းပြစနစ် GNSS အသုံးမပြုနိုင်သော ပတ်ဝန်းကျင်အခြေအနေများတွင် လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Receptor AI ဟု အမည်ပေးထားသော အဆိုပါအာရုံခံကိရိယာပိုင်း အဆင့်မြှင့်တင်မှုသည် နေ့၊ ည အချိန်များနှင့် မြင်နိုင်စွမ်းနည်းပါးသောအခြေအနေများတွင် အလင်းပြသွားလာခြင်း (Optical Navigation)ဖြင့် အသုံးပြုနိုင်စေမည်ဖြစ်ပြီး AI နည်းပညာကပံ့ပိုးပေးထားသော အရာဝတ္ထုများကို အလိုအလျောက်ဖော်ထုတ်သိရှိခြင်းနှင့် စိစစ်ခွဲခြားသတ်မှတ်ခြင်းတို့ကို လုပ်ဆောင်နိုင်စေသည်ဟု မြူနစ်အခြေစိုက် AI ကုမ္ပဏီမှ ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့သည် ဒရုန်း၏ အလေးချိန်နှင့် အကွာအဝေးစွမ်းရည်များ ပြောင်းလဲမှုမရှိဘဲ အဆင့်မြှင့်တင်မှုများလုပ်ဆောင်နေသည်။ လက်ရှိ ဒရုန်း၏ဖွဲ့စည်းပုံပိုင်း၊ အခြေခံပြောင်းလဲမှုများမပါဘဲ လိုက်လျောညီထွေစွာ အသုံးပြုနိုင်မည်ဖြစ်သည်ဟု Quantum Systems ကုမ္ပဏီမှ ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ ဒါရိုက်တာ Daniel Kneifel က ပြောကြားခဲ့သည်။

AI အဆင့်မြှင့်ကိရိယာသည် Jetson Orin Nvidia ချစ်ပ်နှင့် အာရုံခံကိရိယာများစွာကိုအခြေခံထားပြီး ထိရောက်ပြီးအသုံးပြုရလွယ်ကူသော ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များမှတစ်ဆင့် ထပ်လောင်း ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ၎င်းတွင် အရာဝတ္ထုများကို ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ခြေရာခံခြင်းတို့ကို လုပ်ဆောင်ပေးနိုင်သည့် Raptor Gimbaled အာရုံခံကိရိယာပါဝင်သည်။ အဆိုပါကိရိယာသည် အချက်ပြထုတ်လွှင့်မှုမရှိဘဲ လမ်းကြောင်းပြခြင်းအတွက် ရွေးချယ်စရာနည်းလမ်းတစ်ခုဖြစ်ပြီး GNSS ငြင်းဆိုထားသည့် အခြေအနေများအောက်တွင် ဒရုန်းများ၏ လမ်းညွှန်ထိန်းကျောင်းမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။



အဆိုပါ အဆင့်မြှင့်ကိရိယာကို ဒရုန်းတွင်တပ်ဆင်၍ စမ်းသပ်မှုများနှင့် တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်မှုများကို ယူကရိန်းရှိ မကြာသေးမီကဖွင့်လှစ်ခဲ့သော ကုမ္ပဏီ၏ အခြေစိုက်စခန်းတွင် ဆက်လက်လုပ်ဆောင်သွားရန်ရှိသည်။

ယူကရိန်းနိုင်ငံသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း Vector ကင်းထောက်ဒရုန်းအစင်း ၄၀၀ ကျော်ကို စစ်ဆင်ရေးတွင် အသုံးပြုရန် ဝယ်ယူခဲ့သည်။ ဂျာမနီအစိုးရမှ ရန်ပုံငွေပံ့ပိုးမှုများဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယူကရိန်းတပ်ရင်း၊ တပ်ဖွဲ့များကို အဆင့်မြင့် ဝေဟင်ထောက်လှမ်းရေးနှင့် အခြေအနေဆိုင်ရာ ကြိုတင်သတိပြုမိစေရန်များစွာ အကူအညီပေးနိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဩဂုတ်လကတည်းက Vector ဒရုန်းတွေဟာ စိန်ခေါ်မှုအရှိဆုံး အခြေအနေတွေအောက်မှာ မကြုံစဖူးစွမ်းဆောင်ရည်တွေကိုပြသနိုင်ခဲ့ပြီး ဒီဒရုန်းဟာ စစ်ဘက်ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနဲ့ ကင်းထောက်စစ်ဆင်ရေးတွေအတွက် စွမ်းအားစုတစ်ရပ်ဖြစ်တယ်ဆိုတာ သက်သေပြနိုင်ခဲ့ပါတယ်" ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံထုတ် Vector ကင်းထောက်ဒရုန်းသည် ဒေါင်လိုက် အဆင်းအတက်ပျံသန်းနိုင်ကာ လေထဲတွင်သုံးနာရီကြာ တစ်နာရီလျှင် ၇၂ ကီလိုမီတာ (၄၅ မိုင်) ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ၎င်းသည် အကွာအဝေး ၃၅ ကီလိုမီတာ (၂၂ မိုင်) ထိ မြေပြင်စခန်းများစွာသို့ ဗီဒီယိုတိုက်ရိုက်ထုတ်လွှင့်မှုကိုလည်း လုပ်ဆောင်နိုင်သည်။ ထို့ပြင် ဆူညံသံထုတ်လွှင့်မှုနည်းခြင်း၊ အကြမ်းခံပြီး ပေါ့ပါးကျစ်လျစ်သောကိုယ်ထည်နှင့် သုံးမိနစ်အတွင်း တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုနိုင်ကြောင်း သိရသည်။

**German Drone in Ukraine Receives AI-Based Navigation Upgrades ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၄၀၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၄၀၃၂ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ကေ ၄၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၀၃၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပီလောပီနံ ကေ ၄၃၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၀၃၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခု တိုးလာစေဖို့အတွက် စိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ပီလောပီနံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၅၂၃ ကေ၊ တမူးခရိုင်တွင် ၆၆ ကေ၊ ကလေးခရိုင်တွင် ကေ ၈၀၊ ခန္တီးခရိုင်တွင် ၂၀၅ ကေ၊ ဟုမ္မလင်းခရိုင်တွင် ၂၃၅ ကေ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၆၉၈ ကေ၊ ကသာခရိုင်တွင် ကေ ၂၁၀၊ ကောလင်းခရိုင်တွင် ၁၅ ကေ စုစုပေါင်း ၄၀၃၂ ကေ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ကေ ၅၅၀၊ တမူးခရိုင်တွင် ၇၅ ကေ၊ ကလေးခရိုင်တွင် ကေ ၁၀၀၊ ခန္တီးခရိုင်တွင် ကေ ၂၀၀၊ ဟုမ္မလင်းခရိုင်တွင် ၂၆၅ ကေ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကေ ၂၇၅၀၊ ကသာခရိုင်တွင် ကေ ၃၈၀၊ ကောလင်းခရိုင်တွင် ကေ ၃၀ စုစုပေါင်း ကေ ၄၃၅၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပီလောပီနံစိုက်ပျိုးရာ၌ စတင်စိုက်ပျိုးသည့် အချိန်မှစတင်၍ သုံးလသို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချကြပြီး အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို ဒေသအပြင် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကရင်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကရင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၃၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၆၂၂၃ သန်း အသုံးပြု၍ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဇွန် ၁၈ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရိုလေး**

# ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွာသစ်တောင်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံ ကိန်းကော်မတီဝင်များနှင့်အတူ ရွာသစ်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၃၅ ဒသမ ၆၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၈ ဦးကိုငွေကျပ် ၅၃ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အမျိုးသားညီညွတ်ရေး



အမျိုးသားညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သောညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပါလိမ့်မယ်။ အမျိုးသားညီညွတ်ရေးဆိုတာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောက်ျား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုပါတယ်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## ယာယီသမ္မတ ဦးမြင့်ဆွေ ဆေးခွင့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**နေပြည်တော် ဇူလိုင် ၁၈**

ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစားအသောက်နည်းခြင်းတို့ကို စတင်ခံစားခဲ့ရသည့်အတွက် အထူးကုပါရဂူကြီးများပါဝင်သော ဆေးကုသမှုအဖွဲ့ဖြင့် ပုံမှန်ဆေးကုသမှုခံယူခဲ့ပါသည်။ ကျန်းမာရေးစစ်ဆေးစမ်းသပ်ချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကိုတွေ့ရှိရသည့်အတွက် ၁၅-၄-၂၀၂၄ ရက်မှ ၁၉-၄-၂၀၂၄ ရက်ထိ စင်ကာပူနိုင်ငံ **Mount Elizabeth Medical Centre** တွင် ဦးနှောက်နှင့် အာရုံကြောပိုင်းဆိုင်ရာ စစ်ဆေးကုသမှုများခံယူခဲ့ပြီး ၂၇-၅-၂၀၂၄ ရက်မှ ၁၈-၆-၂၀၂၄ ရက်ထိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)တွင် ဆေးကုသမှုခံယူခဲ့ပါသည်။

ယင်းကာလအတွင်း ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဝဲယာမျက်စိများတွင်ဖြစ်ပွားလျက်ရှိသော အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရသဖြင့် ၁၈-၆-၂၀၂၄ ရက်မှ ၃၀-၇-၂၀၂၄ ရက်ထိ ဆေးခွင့်ယူ၍ နေအိမ်တွင် အထူးဆေးကုသမှုအဖွဲ့၏ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိပါသည်။ ၃၀-၆-၂၀၂၄ ရက်နှင့် ၁၄-၇-၂၀၂၄ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ရှစ်ဦးပါဝင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုကိုပြုလုပ်ခဲ့ရာ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံဆောင်ရွက်ပေးမှုဖြင့် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့က ထုတ်ပြန်သည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ နိုင်ငံရေးရာအထူးကိစ္စရပ်များ တာဝန်ခံသံအမတ် **Mr. Robert Wood** က ၁၅-၇-၂၀၂၄ ရက်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ သတင်းစာရှင်းလင်းပွဲ ကျင်းပသည့်နေရာ၌ ဖတ်ကြားခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါပူးတွဲသတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်ဖက်သတ်စွပ်စွဲချက်များ၊ အခြေအမြစ်မရှိ မှန်ကန်မှုမရှိသောဖော်ပြချက်များ ပါရှိသည်။ မြန်မာအစိုးရသည် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီလိုအပ်သည့် ပြည်သူလူထုထံ ခွဲခြားမှုမရှိဘဲ အကူအညီများရောက်ရှိရေး အစဉ်တစိုက်အလေးထားလျက် ကုလသမဂ္ဂနှင့်လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် စစ်မှန်သည့်စိတ်ထားဖြင့် အကူအညီပေးလိုသည့် နိုင်ငံများနှင့်လည်းကောင်း၊ အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအစိုးရသည် လူသားချင်းစာနာမှုအကူအညီ လိုအပ်သူများအတွက် အကူအညီများကို အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (**ASEAN Coordinating Centre for Humanitarian Assistance on Disaster Management- AHA Centre**)မှတစ်ဆင့် ရယူလျက်ရှိသည်။

မြန်မာအစိုးရက ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ပြည်တွင်းခရီးသွားလာခွင့်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေခွင့်တို့ကို လုံခြုံရေးအခြေအနေအပေါ် မူတည်၍ အတတ်နိုင်ဆုံး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာအစိုးရအနေဖြင့် အများပြည်သူ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမဆန်သော တိုက်ခိုက်မှုများကြောင့် ယခုအချိန်အထိ အပြစ်မဲ့ပြည်သူပေါင်း ဦးရေ ၇၈၈၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ အဆိုပါ ပူးတွဲသတင်းထုတ်ပြန်ချက်သည် ယင်းအကြမ်းဖက်မှုလုပ်ရပ်များကို မျက်ကွယ်ပြုထားသည်ကို တွေ့ရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၂၆၆၉ တွင် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးသွတ်သွင်းမှုများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏အခြေခံမူဝါဒ ရပ်တည်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြေပြင်အခြေအနေမှန်နှင့် ဖြစ်ရပ်မှန်အချက်အလက်များကို ထင်ဟပ်ဖော်ပြခြင်းမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များနှင့် သတင်းမှားများကိုအခြေခံပြီး နိုင်ငံရေးသဘောသက်ရောက်စေသည့် ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်**

## မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များပေးအပ်ပြီးဖြစ်ပါကြောင်း၊ တိုင်ကြားလာသည့် အမှုတွဲများနှင့် ဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့်မြေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပြီး မူဝါဒများနှင့်အညီ ပြန်လည်ပေးအပ်သွားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# စိုက်မွေးစွမ်းအားတို့အားထား၍ တိုးတက်စေမည့်ဂျီဒီပီ

ရွှေရည်လင်း




## စီးပွားရေးအခြေခံများအပေါ် တွန်းအားပေး

နိုင်ငံတိုင်းဟာ စီးပွားရေးအင်အားကောင်းမွန်စေဖို့ တစ်နည်းအားဖြင့် ဂျီဒီပီတိုးတက်ဖို့ကို ဆောင်ရွက်ကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဂျီဒီပီမှာပါဝင်တဲ့ ကဏ္ဍကြီး ၃ ခု ဖြစ်တဲ့ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Agriculture, Industry and Services- AIS) တို့ တိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြပါတယ်။ ဒီလိုကြိုးပမ်းတဲ့နေရာမှာ မိမိတို့နိုင်ငံအလိုက် စီးပွားရေးကို တွန်းအားပေးနိုင်တဲ့ အခြေခံကောင်းများပေါ် မူတည်ပြီး ဘယ်ကဏ္ဍက စီးပွားရေးကို တွန်းအားပေးနိုင်လဲဆိုတာကို အခြေခံစဉ်းစားဆောင်ရွက်ကြပါတယ်။ ဒီကဏ္ဍကြီးများရဲ့စီးပွားရေးမှာ ပါဝင်မှုအချိုးကို တစ်နည်းအားဖြင့် စီးပွားရေးဖွဲ့စည်းမှုပုံစံ (Economic Structure) လို့လည်းခေါ်ကြပါတယ်။ ဒီ AIS အချိုးပြောင်းလဲမှုကို သုံးသပ်ပြီး စီးပွားရေးကဏ္ဍများ၏ တိုးတက်ပြောင်းလဲမှုအခြေအနေကို ခန့်မှန်းနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကအားထားဆောင်ရွက်ကြပြီး ထိုမှတစ်ဆင့် အခြားကဏ္ဍများ တိုးတက်ရေးကိုဆောင်ရွက်တာတွေ့ရပါတယ်။

## မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံကောင်း

မြန်မာနိုင်ငံအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဟာ စီးပွားရေးအခြေခံကောင်းများဖြစ်တဲ့အတွက် ဒီကဏ္ဍနှစ်ခုရဲ့ တိုးတက်ပြောင်းလဲမှုက အခြားစီးပွားရေးကဏ္ဍများရဲ့ထုတ်လုပ်နိုင်မှုနဲ့ ဝန်ဆောင်နိုင်စွမ်း တိုးတက်ပြောင်းလဲမှုကိုလည်း အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ ဒီကဏ္ဍများကို တိုးတက်အောင်ဆောင်ရွက်ရင်း အခြားကဏ္ဍများမှာလည်း ကွဲကူးရေပါဆိုသလို တိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်ဖြစ်ပေါ်မှုများမှတစ်ဆင့် ဂျီဒီပီတန်ဖိုးဟာလည်း တိုးတက်ပြောင်းလဲလာတာဖြစ်ပါတယ်။

## ဂျီဒီပီဆိုတာ

ဂျီဒီပီဆိုတာက Gross Domestic Product (စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး)ကို ရည်ညွှန်းတဲ့ အတိုကောက်စကားလုံးဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ နယ်နိမိတ်အတွင်း သတ်မှတ်ထားတဲ့ အချိန်ကာလမှာ ထုတ်လုပ်တဲ့ကုန်စည်နဲ့ ဝန်ဆောင်မှုတို့ရဲ့ စုစုပေါင်းတန်ဖိုးလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေကို တိုင်းတာရာမှာ ဂျီဒီပီညွှန်းကိန်းကို အများဆုံးအသုံးပြုကြပါတယ်။ လယ်ယာကဏ္ဍကြီးမှာတော့ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုပြီး ခွဲခြားပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တု၊ စက်မှုလက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍကြီးမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲမှု၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုကဏ္ဍတို့ပါဝင်တယ်လို့ သိရပါတယ်။

## စားရေးဝတ်ရေးလိုအပ်ချက်ကို လယ်ယာ၊ သားငါးကဏ္ဍမှဖြည့်ဆည်း

စားသုံးသူပြည်သူများရဲ့ နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ စားရေး၊ ဝတ်ရေးအတွက် အခြေခံလိုအပ်ချက်များကို လယ်ယာကဏ္ဍနဲ့ သားငါးကဏ္ဍများက ဖြည့်ဆည်းပေးနေပါတယ်။ လယ်ယာ၊ သားငါးကဏ္ဍက ထုတ်လုပ်တဲ့ကုန်ပစ္စည်းများကို တိုက်ရိုက်စားသုံးတာရှိသလို ကုန်ချောအနေနဲ့ ထုတ်လုပ်ရောင်းချတာလည်း ရှိပါတယ်။ အခြားကဏ္ဍများရဲ့ ကုန်ချောထုတ်လုပ်ဖို့ အခြေခံကုန်ကြမ်းအဖြစ် ထုတ်ယူသုံးစွဲတာလည်းရှိပါတယ်။ ဥပမာ- ဆန်၊ ဆန်ကြာဆံ၊ ပဲကြာဆံ၊ ဆန်ကွတ်ကီး၊ ဆန်ကိတ်မုန့် စည်သွတ်ဘူးများ (သစ်သီး၊ အသား၊ ငါး စသဖြင့်) ဖြစ်ပါတယ်။ ဒီတော့ လယ်ယာကဏ္ဍကြီးကနေ အရည်အသွေးမြင့် လယ်ယာ ၊ သားငါးထွက်ကုန်ထုတ်လုပ်မှုများတိုးတက်လာပါက စက်မှုလက်မှုကဏ္ဍရဲ့ ဈေးကွက်ဝင်စက်မှုထွက်ကုန်များထုတ်လုပ်မှုကို တွန်းအားပေးရာလည်းရောက်တဲ့အပြင် အဆိုပါထုတ်ကုန်များကို သယ်ယူပို့ဆောင်ရောင်းချရာမှ ဝန်ဆောင်မှုကဏ္ဍများဖြစ်တဲ့ ပို့ဆောင်ရေးနဲ့ ကုန်သွယ်မှုကဏ္ဍတွေကိုလည်း တိုးတက်လာစေမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးဟာ အခြားကဏ္ဍကြီးနှစ်ခု တိုးတက်ဖို့ အခြေခံကျတဲ့ကဏ္ဍလည်းဖြစ်ပါတယ်။

## ဆင့်ပွားသက်ရောက်နိုင်

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်နိုင်မှုစွမ်းအားကတစ်ဆင့် စက်မှုလက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍများတိုးတက်စေဖို့ အထောက်အကူပြုတာ









ဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးစီးဆင်းလည်ပတ်မှုမှာ ပါဝင်နေတဲ့ စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်သူ အိမ်ထောင်စုတွေ၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်တဲ့ အသေးစား၊ အငယ်စားလုပ်ငန်းရှင်တွေ၊ သယ်ယူပို့ဆောင်ရေးနဲ့ ကုန်သန်းရောင်းဝယ်ရေး အခြေပြုဆောင်ရွက်နေသူတွေအားလုံးကို အကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် လယ်ယာ၊ သားငါးအခြေခံ ကုန်ထုတ်လုပ်မှုများကနေ ထုတ်လုပ်နိုင်စွမ်းတိုးတက်လာခြင်းဖြင့် အခြားကဏ္ဍများကိုပါ ဆင့်ပွားသက်ရောက်မှုများဖြစ်လာတာမို့ စိုက်မွေးစွမ်းအားဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို များစွာအကျိုးသက်ရောက်မှုရှိပါတယ်။ ထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားရာမှာလည်း ပြည်တွင်းနဲ့ ပြည်ပရောင်းဝယ်မှုများ ပါရှိလာတာဖြစ်တဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်စွမ်းအားကောင်းပါက ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ပါ ပိုမိုရောင်းချနိုင်တဲ့အတွက် ပြည်ပမှဝင်ငွေရရှိပြီး နိုင်ငံတော်ရဲ့ဝင်ငွေကိုလည်း တိုးတက်လာစေမှာ ဖြစ်ပါတယ်။

## ပြည်ပပို့ကုန်တိုးချဲ့ရေး

ဒီနေရာမှာ ပြည်ပပို့ကုန်များများပို့နိုင်ပါက ပို့ကုန်တိုးတက်ရရှိပြီး ကုန်သွယ်မှုမှာ ပိုငွေဖြစ်လာနိုင်မှာဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေများများ ရရှိပါက နိုင်ငံရဲ့ ဂျီဒီပီတန်ဖိုးတိုးတက်ရရှိရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှထုတ်လုပ်နိုင်တဲ့ပစ္စည်းများကို တိုးတက်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းများတိုးတက်လာမှာဖြစ်သလို အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ လုပ်ငန်းလည်ပတ်မှုအားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းများကိုပါ ပြည်တွင်းမှ ထုတ်လုပ်ရရှိပါက ပြည်တွင်းထုတ်ကုန်ချောပစ္စည်းများရဲ့ ဈေးနှုန်းမှာ ပြည်ပကတင်သွင်းရတာထက် ဈေးနှုန်းသက်သာမှုရှိလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သွင်းကုန်အစားထိုးနိုင်တဲ့အပြင် စားသုံးသူပြည်သူများအတွက် ကုန်ကျစရိတ်သက်သာစေမှာဖြစ်ပါတယ်။

## စိုက်ပျိုးရေးစွမ်းအားမြှင့်တင်ဖို့

မြန်မာနိုင်ငံဆိုတာစိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းများကို ပိုင်ဆိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေက ထွက်ရှိတဲ့ ကုန်ထုတ်လုပ်မှုဟာ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုမှာ အဓိကကျတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ ဒီတော့ နိုင်ငံ့ဂျီဒီပီတိုးတက်ဖို့ စဉ်းစားတဲ့အခါမှာ မူလထုတ်လုပ်နေတဲ့ ကုန်ထုတ်လုပ်မှုပမာဏကနေ ဘယ်လောက်တိုးတက်ထုတ်လုပ်မယ်၊ ပြည်တွင်းမှာ ဘယ်လောက်စားသုံးမယ်၊ ပြည်ပသို့ ဘယ်လောက် တိုးချဲ့ကုန်သွယ်မှုပြုမယ်ကို ထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များတိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း ဒါမှမဟုတ် လက်ရှိစိုက်ပျိုးနေတဲ့မြေပေါ်မှာ ရာသီအလိုက် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရာသီအလိုက်သာ ရရှိတဲ့သီးနှံများကို ရာသီကုန်အထိ ရရှိအောင်လုပ်ဆောင်ခြင်း စတာတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရာသီသီးနှံများကို ဈေးကွက်အတွင်းမှာ ရာသီမရွေးဝယ်ယူရရှိနိုင်မယ်ဆိုပါက ဝယ်လိုအားကောင်းပြီး တောင်သူများနဲ့ လက်လီလက်ကားရောင်းဝယ်သူများလည်း ဝင်ငွေတိုးတက်ရရှိမှာဖြစ်ပါတယ်။

စိုက်ပျိုးရေးမှာ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းဆိုတာရှိပါတယ်။ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းသတ်မှတ်ရာမှာ ပညာရှင်များက နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့သီးနှံထွက်နှုန်းများကို နှိုင်းယှဉ်သုတေသနပြုလုပ်ပြီး တစ်ဧကအထွက်နှုန်းကို သတ်မှတ်ထားတာဖြစ်ပါတယ်။ ထိုသို့ စိုက်ပျိုးစွမ်းအားမြှင့်တင်ရာမှာ ရိတ်သိမ်းချိန်လွန် နည်းပညာများတိုးတက်ရရှိရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးနဲ့ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများပြည့်မီရေး၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်ရေးနဲ့ ရာသီမရွေးသီးနှံများ ထုတ်လုပ်ရရှိနိုင်ရေးက အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာတော့ ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီရေးနဲ့ သီးထပ်စွမ်းအားတိုးချဲ့ရေးကို အဓိကထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီနှစ်ချက်အောင်မြင်မယ်ဆိုရင် နိုင်ငံ့စီးပွားရေးနဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများစွာမြင့်မားလာနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ သို့

# ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏သြဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိရာ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ် နှစ်အုပ်၊ ပုံနှိပ်ဆဲခြောက် အုပ်၊ စာသားများစစ်ဆေးဆဲ ၁၇အုပ်၊ စာမူပြုစုဆဲ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန်ကျမ်းစာအုပ် ၂၀ ရှိပါသည်။

၂။ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း-၀၂၄၀၆၁၁၁၂၊၀၉၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁၆၅၁၂၀၉၊ ၀၉၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂၄၀၃၆၃၁၂၊ ၀၉၂၆၃၉၉၉၀၀၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

---

☆ ကျောဖုံးမှအဆက်

ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများက Men Sports ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**“နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။”**

---

စာမျက်နှာ ၁၉ မှအဆက်

## မျိုး ၊ မြေ၊ ရေ၊ နည်း

ဂျီဒီပီတွင် အဓိကပါဝင်နေတဲ့ စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုတိုးတက်ဖို့ဆိုရင် လယ်ယာကဏ္ဍမှာ အဓိကလိုအပ်တာကတော့ မျိုး၊ မြေ၊ ရေ၊ နည်း ပဲဖြစ်ပါတယ်။ မျိုးဆိုတာက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ဖို့၊ မြေဆိုတာ မြေဆီမြေဩဇာကောင်းမွန်ဖို့ ရေဆိုတာက စိုက်ပျိုးရေးအတွက် မရှိမဖြစ် လိုအပ်တဲ့ ရေရရှိဖို့ နည်းဆိုတာက စိုက်ပျိုးစနစ်နဲ့ နည်းပညာကောင်းမွန် မှန်ကန်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလို အချက် ၄ မျိုးစလုံးကို စိုက်ပျိုးသူတောင်သူဦးကြီးများ၊ သက်ဆိုင်ရာစိုက်ပျိုးရေးနဲ့ နှီးနွယ်သုတေသနဌာနများ၊ စိုက်ပျိုးရေးဝန်ဆောင်မှုပံ့ပိုးပေးနေတဲ့ ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို ထိခိုက်နိုင်တဲ့ ထုတ်ကုန်အရည်အသွေးကျဆင်းမှု၊ သဘာဝဘေးနဲ့ ပိုးမွှားရောဂါအန္တရာယ်ကျရောက်တတ်တဲ့ ကိစ္စရပ်များကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့လည်းလိုမှာဖြစ်ပါတယ်။

ဒီနေရာမှာစိုက်ပျိုးရေးနဲ့ဆက်စပ်လို့တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာအမျိုးမျိုးကိုနှုန်းထားအပြည့်အသုံးပြုမယ်ဆိုရင် လိုအပ်ချက်ဟာ နှစ်စဉ်မက်ထရစ် တန် ၄ သန်းခန့်ရှိကြောင်း သိရှိရပါတယ်။ ပြည်တွင်းက ထုတ်လုပ်နိုင်မှုဟာ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ မက်ထရစ်တန် သုည ဒသမ ၀၅ သန်းခန့်သာရှိကြောင်း သိရှိရပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လို့ဆိုရမယ့် ဓာတ်မြေဩဇာအမျိုးမျိုးကို နှုန်းထားအပြည့်အသုံးပြုဖို့နှစ်စဉ် ပြည်ပက ပျမ်းမျှ မက်ထရစ်တန် ၃ ဒသမ ၉၅ သန်းခန့်တင်သွင်းရမှာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ဓာတ်မြေဩဇာအမျိုးမျိုးကို ပြည်ပက မက်ထရစ်တန် ၁ ဒသမ ၀၄ သန်းခန့် တင်သွင်းခဲ့ရကြောင်း သိရှိရပါတယ်။ ဒါဟာ လိုအပ်ချက်ကို နှုန်းထားပြည့်တင်သွင်းနိုင်ခဲ့တာမဟုတ်ပါဘူး။ ဒီလိုပြည်ပက တင်သွင်းရတဲ့အတွက် ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရပြီး ဒါဟာ စိုက်ပျိုးထုတ်ကုန်များကို တန်ဖိုးကြီးမြင့်လာစေတဲ့ အဓိကအချက်တစ်ချက်ဖြစ်ပါတယ်။ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာအမျိုးမျိုးကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနဲ့ တခြားတွင်းထွက်ပစ္စည်းများကနေ ပြည်တွင်းမှာလုံလုံလောက်လောက်သာ ထုတ်လုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကို များစွာအကျိုးပြုနိုင်မှာဖြစ်ပြီး နိုင်ငံ့စီးပွားမြင့်တင်ရေးကို ထိရောက်စွာ အထောက်အကူဖြစ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း စိုက်ပျိုးတောင်သူများရဲ့ ဓာတ်မြေဩဇာလိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။

### မွေးမြူရေးကဏ္ဍတိုးတက်ဖို့

အဲဒီလို စိုက်ပျိုးရေးကဏ္ဍကိုမြင့်မားတိုးတက်လာအောင်ဆောင်ရွက်မယ်ဆိုရင် စိုက်ပျိုးရေးကထွက်ရှိလာမယ့် ကုန်ကြမ်းတွေက မွေးမြူရေးကိုပါ ဆက်စပ်အကျိုးပြုမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ ပြည်သူလူထုဟာ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနဲ့ ငါးတို့ကို အဓိကစားသုံးကြပါတယ်။ ဒီတော့ ဒေသတွင်းလိုအပ်ချက်ဖြစ်တဲ့ အသား၊ ငါး စားသုံးမှုကိုလည်း ဖူလုံအောင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဈေးကွက်မှာ အသားထုတ်လုပ်မှုအတွက်လိုအပ်တဲ့ တိရစ္ဆာန်တွေကို မွေးမြူဆောင်ရွက်ရာမှာ စီးပွားဖြစ်လုပ်ငန်းကြီးတွေကို စတင်လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကစပြီး လုပ်ကိုင်နိုင်ပါတယ်။ ဒေသထွက်မျိုးစိတ်တွေနဲ့ပဲ စတင်လို့ရပါတယ်။ ဒါပေမဲ့ သမားရိုးကျပုံစံမျိုးနဲ့ မွေးမြူကြမယ်ဆိုရင်တော့ တိုးတက်လာမှာမဟုတ်ဘဲ မိသားစုစားရေးဖူလုံရုံသာ အဆင်ပြေနိုင်မှာဖြစ်ပြီး လူမှုစီးပွားဘဝကို တိုးတက်နိုင်မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ခေတ်မီတဲ့မွေးမြူရေးနည်းစနစ်တွေနဲ့ ပေါင်းစပ်မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုနည်းပညာတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သွင်းအားစုကုမ္ပဏီတွေကနေ နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးက ထွက်ရှိလာတဲ့ ဆန်ကွဲ၊ ဖွဲ၊ပြောင်း၊ ပဲဖတ်နဲ့ ကောက်ရိုးတွေကို မွေးမြူရေးတိရစ္ဆာန်များအတွက် အာဟာရဖြည့်စွက်စာကျွေးခြင်းဖြင့်လည်းကောင်း၊ ယူရီးယားနဲ့ ပြုပြင်ထားတဲ့ ကောက်ရိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း၊ နေပီယာမြက်ကဲ့သို့ တိရစ္ဆာန်အာဟာရ ဖြည့်မြက်မျိုးများ စိုက်ပျိုးကျွေးမွေးခြင်းဖြင့်လည်းကောင်း စနစ်တကျကျွေးမွေးပြီး မွေးမြူရမှာဖြစ်ပါတယ်။ နည်းပညာအကူအညီရယူပြီး စနစ်တကျမွေးမြူတဲ့ မွေးမြူရေးလုပ်ငန်းနဲ့ လွတ်ကျောင်းစနစ်နဲ့မွေးမြူတဲ့လုပ်ငန်းဟာ အကျိုးရှိထိရောက်မှုချင်း လုံးဝကွာခြားလှပါတယ်။ ဖတ်မှတ်ဖူးခဲ့တဲ့ စာအုပ်အချို့မှာဆိုရင် အရှေ့တောင်အာရှမှာ ကြက်ကိုအိမ်မွေးတိရစ္ဆာန်အဖြစ် အစောဆုံးမွေးမြူတဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံလည်းပါဝင်ကြောင်း မှတ်သားဖူးပါတယ်။ အဲဒီလို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခဲ့တဲ့ ဒေသကြက် တစ်နည်းအားဖြင့် တိုင်းရင်းကြက်မျိုးဟာ ပြည်ပကဝင်ရောက်လာတဲ့ မျိုးစိတ်ဖြစ်တဲ့ အသားတိုးကြက်တွေထက် အရသာပိုပြီးပြည့်စုံကောင်းမွန်ပါတယ်။ ဒီလိုတိုင်းရင်းကြက်မျိုးကို သမားရိုးကျနည်းနဲ့ မွေးမြူနေခြင်းထက် နည်းပညာအကူအညီနဲ့ သေချာစနစ်တကျ မွေးမြူနိုင်ဖို့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပဲ တခြားအသားထုတ်လုပ်နိုင်တဲ့ ဒေသမျိုးစိတ်တွေဖြစ်တဲ့ ဝက်၊ အမဲ၊ ဆိတ်နဲ့ ငါးတွေကိုလည်း သမားရိုးကျမွေးမြူခြင်းမဟုတ်ဘဲ ခေတ်မီတဲ့မွေးမြူရေးနည်းစနစ်တွေနဲ့ မွေးမြူကြရမှာဖြစ်ပါတယ်။ ဒီလိုမျိုး တစ်နိုင်တစ်ပိုင် မွေးမြူရေးကို စနစ်တကျနဲ့ဆောင်ရွက်မယ်ဆိုရင် အသားထွက်နှုန်းတိုး၊ နို့ထွက်နှုန်းတိုးတက်လာမှာဖြစ်ပြီး ဈေးကွက်ဝင်အာဟာရဓာတ်ပြည့်ဝတဲ့အသားများကို မွေးမြူထုတ်လုပ်လာနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ဈေးကွက်မှာလည်း ယခင်ထက် ရောင်းတန်းပိုဝင်လာပြီး ဝင်ငွေရရှိမှုမှာလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ပြည်တွင်းမှာ အခြေခံစားသုံးနေကြတဲ့ ကြက်ဥ၊ ဘဲဥ ထုတ်လုပ်မှုကိုလည်း ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ တိုးတက်ထုတ်လုပ်ဖို့ ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မွေးမြူရေးဘက်မှာ မျိုးကောင်းမျိုးသန့်များမွေးမြူရေးနဲ့ အာဟာရပြည့်ဝတဲ့ အစားအစာများ ကျွေးမွေးဖို့၊ ကျန်းမာသန်စွမ်းပြီး ရောဂါကျရောက်မှုအန္တရာယ်မှ ရှောင်ရှားနိုင်ဖို့ကို အထူးဂရုပြုရမှာဖြစ်သလို မွေးမြူထုတ်လုပ်ရာမှာလည်း နည်းစနစ်ကောင်းများနဲ့ ထုတ်လုပ်နိုင်မှ အလေအလွင့်လျော့နည်းပြီး ထုတ်လုပ်နိုင်စွမ်းတိုးတက်လာမှာဖြစ်ပါတယ်။ အလေအလွင့်လျော့နည်းဖို့ဆိုရင် စိုက်ပျိုးမွေးမြူမှုလုပ်ငန်း စတင်သည်မှ ဈေးကွက် (Farm to Market)သို့ ရောက်ရှိသည်အထိ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လိုအပ်တဲ့နည်းစနစ်နဲ့ အခြေခံအဆောက်အဦ (ဥပမာ-ခေတ်မီသီးနှံသိုလှောင်ရုံများ၊ ကြိတ်ခွဲ၊ သန့်စင်သည့်စနစ် ၊ ထုတ်လုပ်မှု စက်ကိရိယာများ) လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဈေးကွက်သို့ ဝင်ရောက်ရာမှာ ဈေးနှုန်းရရှိနိုင်ဖို့ စံချိန်စံညွှန်း ပြည့်မီစေဖို့ နည်းစနစ်ကောင်းများကို ထည့်သွင်းစဉ်းစားသွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ထုတ်ကုန်များဈေးကောင်းရရှိမှာဖြစ်ပြီး ဝင်ငွေတိုးတက်စေရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများပြီး မြေပေါများတဲ့ မြန်မာနိုင်ငံမှာ မွေးမြူရေးစွမ်းအားတိုးတက်ဖို့ အခြေခံကောင်းများများစွာရှိတဲ့အတွက် မွေးမြူရေးဇုန်များ၊ စီးပွားဖြစ်မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့တဲ့ မွေးမြူရေးလုပ်ငန်းများဖြစ်ပေါ်လာမှာဖြစ်တဲ့အပြင် စားရေရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်ပြည့်မီရေးကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

### တကယ်လုပ်အဟုတ်ဖြစ်

အထက်မှာတင်ပြခဲ့သည့်အတိုင်း ဂျီဒီပီတိုးတက်ဖို့အစ လယ်ယာထွက်ကုန်က ဆိုသကဲ့သို့ လယ်ယာကဏ္ဍကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် အခြားကဏ္ဍများလည်း တိုးတက်လာမှာဖြစ်တဲ့အတွက် စိုက်ပျိုးမွေးမြူရေးစွမ်းအားနဲ့ ဂျီဒီပီတိုးတက်ရေးကို မြှင့်တင်ကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးမွေးမြူရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်တဲ့အတွက် အဆိုပါအလားအလာကောင်းများကို ပိုမိုအကျိုးဖြစ်ထွန်းစေဖို့ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမှုနဲ့ စိုက်မွေးကဏ္ဍတိုးတက်ရေးကို အားပေးမြှင့်တင်လျက်ရှိသလို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့လည်း နိုင်ငံတော်နဲ့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် တကယ်လုပ်အဟုတ်ဖြစ်ဆိုတဲ့စကားအတိုင်း လက်တွေ့အမှန်တကယ် အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

### နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး

ဒါ့ကြောင့် ဂျီဒီပီတိုးတက်စေဖို့ အခြေခံဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍများမှ တိုးတက်ထုတ်လုပ်နိုင်ဖို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးလျက်ရှိပါတယ်။ နိုင်ငံတော်က စိုက်မွေးစွမ်းအားမြှင့်တင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေးနေသလို တောင်သူများနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီနဲ့ ဆောင်ရွက်သွားပါက ပြည်သူများရဲ့ ဝင်ငွေတိုးတက်လာပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကို အထောက်အကူကောင်းများ ဖြစ်ပေါ်လာစေမှာဖြစ်ပြီး ဂျီဒီပီတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

## ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၈-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၈၁ ဦးရှိခဲ့ပြီး ၎င်းတို့အနက် လေးဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၉၁ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း ၈၈၃ ဦးကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ (၃၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သန္တိသုခဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် မော်လမြိုင်မြို့ အတုလရန်အောင်ကျောင်း ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အတုလရန်အောင်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အတုလရန်အောင်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၆၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇသန္တ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာရှိ ဇော်မင်းနိုင်(ခ) ဇော်ခိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂ ပြား၊ ဘိန်းဖြူသုည ဒသမ ၀၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၃ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ချင်းတွင်း(၃)လမ်းရှိ ဇင်မင်းဦး(ခ)ကတုံး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၂၄၀၀၊ဘိန်းဖြူ သုည ဒသမ ၀၀၅ ကီလိုကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက် ၈နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် အောင်ထက်ကိုကို မောင်းနှင်ပြီး နိုင်ထွန်း (ခ)နိုင်နိုင်ထွန်း၊ ခွန်းအောင်(ခ)အောင်ဟိန်းနှင့် သန်းထွန်းလင်းတို့ လိုက်ပါလာသည့် HINO PROFIA ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ကီလို ၅၂၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သက်ပိုင်စိုး(ခ)သက်ပိုင်အား ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ ၂၁ မိုင်စစ်ဆေးရေးဂိတ်တွင်လည်းကောင်း၊ နန်းဦးနှင့်ထက်လင်းတို့ကို ည ၈ နာရီတွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင်လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီတွင် ကျောက်ဆည်မြို့နယ် သံကျေးရွာအုပ်စု သံကျေးရွာအနီးတွင် နိုင်ဝင်း မောင်းနှင်ပြီး အေးကိုဝင်း လိုက်ပါလာသည့် SAMSUNG ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဓာတုပစ္စည်း HYDROGEN PEROXIDE လီတာ ၆၈၀၀၊ CAUSTIC SODA ၄၁၂၅ ကီလိုကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၉ လမ်း၊ ၅၃ - ၅၄ လမ်းကြားရှိ မောင်မောင်ခင်နှင့် ကျင်ရှန်(ခ)အားယုံတို့ တည်းခိုနေထိုင်သည့် ဟိုတယ်အခန်းအမှတ်(၄၁၁)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် ၁ ဒသမ ၀၈၅ ကီလို၊ ကက်တမင်း ၅ ဒသမ ၅၅ ကီလို၊ အက်တက်စီ ဆေးပြား ၁၆၁၅၀၊ Happy Water သုည ဒသမ ၃၁၉ ကီလိုနှင့် မြန်မာငွေကျပ် ၁ ဒသမ ၃သိန်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Wit-Yi73" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝတ်ရည်အား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

# ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ရေကြီးရေလျှံမှုကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေ



**အော့တာဝါ ဇူလိုင် ၁၈**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း ကနေဒါအာဏာပိုင်အဖွဲ့ အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တိုရွန်တိုမြို့၏ အဓိကနေရာများတွင် ရေလွှမ်းနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်များကိုလည်း ယာယီရပ်ဆိုင်းထားရသည့်အတွက် လျှပ်စစ်မီးပြတ်တောက်သည့်လူနေအိမ် များပြားနေခြင်းဖြစ်ကြောင်း၊ ရေလွှမ်းမှုအနည်းငယ်ကျဆင်းသွားမှသာ လျှပ်စစ်မီးဖြန့်ဖြူးမှုများကို ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်မီးဖြန့်ဖြူးရေး အဓိကတာဝန်ခံကုမ္ပဏီဖြစ်သည့် Toronto Hydro က ထုတ်ပြန်သွားခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေတာဖြစ်သလို အချို့နေရာမှာတော့ ရေလွှမ်းမှုကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့ကိုယာယီရပ်ဆိုင်းထားရတယ်။ အခြေအနေတည်ငြိမ်သွားမှပဲ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမယ်"ဟု Toronto Hydro ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်ပေါင်း ၁၂၃၀၀၀ ထက်မနည်းရှိနေပြီး မြေအောက်လူသွားလမ်းကူးများကိုလည်းယာယီပိတ်ထားကြောင်း ကနေဒါ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ရေဘေးအန္တရာယ်ကြောင့် တိုရွန်တိုမြို့တွင် မော်တော်ကားလမ်းများ၊ မီးရထားခရီးစဉ်တချို့နှင့် လျှပ်စစ်ရထား ခရီးစဉ်တချို့ကိုလည်း ယာယီရပ်ဆိုင်းထားရကြောင်း Toronto Transit Commission က ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ရာသီဥတုဖောက်ပြန်ခြင်း၏အကျိုးသက်ရောက်မှုက ကမ္ဘာ၏လည်ပတ်မှုအမြန်နှုန်းကို နှေးကွေးစေပြီး နေ့တာကို ပိုရှည်စေကြောင်း လေ့လာတွေ့ရှိ

**ဘန်း ဇူလိုင် ၁၈**

ရာသီဥတုဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုသည် ကမ္ဘာ၏ လည်ပတ်မှုအမြန်နှုန်းကို နှေးကွေးစေပြီး နေ့တာကို ပိုရှည်စေကြောင်း ဆွစ်ဇာလန်နိုင်ငံမှ သုတေသီများက လေ့လာတွေ့ရှိခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုဖောက်ပြန်မှုများသည် ဂရင်းလန်းနှင့် အန္တာတိကတိုက်ရှိ ရေခဲပြင်များကို အရည်ပျော်သွားစေကြောင်း၊ အရည်ပျော်လာသော အဆိုပါရေများသည် အီကွေတာဒေသများသို့ စီးဆင်းခြင်းက ကမ္ဘာကြီးလည်ပတ်မှုကို ထိခိုက်စေကာ နေ့တာသည် ယခင်ကထက် မီလီစက္ကန့်အနည်းငယ်ပိုမိုကြာရှည်လာကြောင်းကို ဆွစ်ဇာလန်အခြေစိုက် ETH Zurich ရှိ မြို့ပြ၊ ပတ်ဝန်းကျင်နှင့် ဘူမိဗေဒ အင်ဂျင်နီယာဌာနမှ သုတေသီများက ပြောကြားခဲ့သည်။

"လူသားတို့ရဲ့ မဆင်မခြင်အပြုအမူတွေဟာ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေကြောင့် အပူချိန်တွေမြင့်တက်လာပြီး ဂရင်းလန်းနဲ့ အန္တာတိကတိုက်ရှိ ရေခဲပြင်တွေမှာ အရည်ပျော်တာတွေ ဖြစ်လာပါတယ်။ အဲဒီနောက် ကမ္ဘာဂြိုဟ်ရဲ့ လည်ပတ်မှုပိုင်းဆိုင်ရာ ဂုဏ်သတ္တိတွေကို ပြောင်းလဲသွားစေပြီး ကမ္ဘာကြီးရဲ့ လည်ပတ်မှုဟာ နှေးလာပါတယ်"ဟု ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ETH Zurich ရှိ မြို့ပြ၊ ပတ်ဝန်းကျင်နှင့် ဘူမိဗေဒ အင်ဂျင်နီယာဌာန Space Geodesy မှ ပါမောက္ခ Benedikt Soja က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

# ဂရိနိုင်ငံတွင် အပူချိန်မြင့်မားခြင်း၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် တောမီးသတိပေးချက်များထုတ်ပြန်

**အေသင် ဇူလိုင် ၁၈**

ဂရိနိုင်ငံတွင် အပူချိန်မြင့်မားခြင်း၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် ဇူလိုင် ၁၇ ရက်တွင် တောမီးဆိုင်ရာသတိပေးချက်များ ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံ Agios Vlassis သစ်တောဧရိယာတွင် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းမှစတင်၍ တောမီးကူးစက် လောင်ကျွမ်းလျက်ရှိရာ Peloponnese ဒေသရှိ Sofiko နှင့် Corinth မြို့တို့အနီးမှဖြတ်၍ ရှေးဟောင်းယဉ်ကျေးမှုမြို့တစ်မြို့ဖြစ်သော Epidaurus မြို့ဘက်သို့ ဦးတည်လျက်ရှိကြောင်း မီးသတ်တပ်ဖွဲ့၏ သတင်းများအရ သိရသည်။

ထူထပ်သော ထင်းရှူးတောများကိုဖြတ်၍ လောင်ကျွမ်းလျက်ရှိသော တောမီးသည် အာဏာပိုင်များအတွက် စိန်ခေါ်မှုတစ်ရပ်အခြေအနေသို့ရောက်ရှိနေပြီး အာဏာပိုင်များက Sofiko မြို့ခံများကို သတိထားနေထိုင်ကြရန် သတိပေးချက် ထုတ်ပြန်ထားသည်။



တောမီးလောင်ကျွမ်းမှုကို မီးသတ်သမားအင်အားအများအပြားဖြင့် ငြိမ်းသတ်လျက်ရှိသော်လည်း ကောင်းစွာထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ မီးသတ်သမားသုံးဦး မီးလောင်ဒဏ်ရာများ ရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂရိနိုင်ငံတစ်ဝန်း တောမီးလောင်ကျွမ်းမှု ၄၂ နေရာဖြစ်ပွားလျက်ရှိပြီး နေရာ ၃၀ ကိုသာ ကောင်းစွာ ထိန်းချုပ်နိုင်သေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# ဘရာဇီးနိုင်ငံတွင် သကြားနှင့် အီသနောစက်ရုံမှ စက်မှုစွန့်ပစ်ပစ္စည်းများ တရားမဝင်စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် ငါးကောင်ရေများစွာ သေဆုံး

**ဘရာဇီးလီးယား ဇူလိုင် ၁၈**

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပိုလိုပြည်နယ် Piracicaba မြစ်တွင် သကြားနှင့် အီသနောစက်ရုံမှ စက်မှုစွန့်ပစ်ပစ္စည်းများ တရားမဝင်စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် ငါးကောင်ရေ ထောင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း ဆော်ပိုလိုပြည်နယ်၏ အစိုးရရှေ့နေများက ပြောကြားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

သကြားနှင့် အီသနောစက်ရုံမှ စက်မှုစွန့်ပစ်ပစ္စည်းများ တရားမဝင်စည်းကမ်းမဲ့ စွန့်ပစ်ခဲ့သည့်အတွက် ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်ရှိ အဓိကမြစ်များထဲမှ တစ်ခုဖြစ်သော Piracicaba မြစ်တွင် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်မှုစွန့်ပစ်ပစ္စည်းများသည် အဏ္ဏဝါသတ္တဝါများကို ထိခိုက်စေပြီး ငါးတန်ပေါင်းများစွာ သေဆုံးစေခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသည့် ငါးများမှာ အကောင်ရေထောင်ချီရှိပြီး အလေးချိန်အားဖြင့် ၁၀ တန်မှ တန် ၂၀ ကြားရှိကြောင်း ဆော်ပိုလိုပြည်နယ် သဘာဝပတ်ဝန်းကျင် အာဏာပိုင်များနှင့် ပြည်နယ်အစိုးရ ရှေ့နေများက ဇူလိုင် ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**



# အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသများတွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး အီလီနွိုက်စ်ပြည်နယ်တွင် တာတမံကျိုးပေါက်ကာ ရေကြီးရေလျှံမှုဖြစ်ပွား

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသများသို့ အားကောင်းသည့် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး အီလီနွိုက်စ်ပြည်နယ်တွင် တာတမံကျိုးပေါက်ကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တာတမံကျိုးပေါက်မှုသည် အီလီနွိုက်စ်ပြည်နယ် တောင်ဘက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး တာတမံကျိုးပေါက်ကာ ရေလွှမ်းနေသည့် ဧရိယာများတွင် နေထိုင်သောဒေသခံများကို ဇူလိုင် ၁၇ ရက်မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း အီလီနွိုက်စ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

လေဆင်နှာမောင်းသည် အီလီနွိုက်စ်ပြည်နယ် ချီကာဂိုမြို့ကို ဇဟိုပြု၍ တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် သစ်ပင်ကြီးများ ကျိုးကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေသကဲ့သို့ မော်တော်ယာဉ်တချို့ပျက်စီးမှုရှိခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် ဓာတ်တိုင်များလည်း လဲကျခဲ့ပြီး အီလီနွိုက်စ်ပြည်နယ်ရှိ ချီကာဂိုမြို့အပါအဝင် အနီးပတ်ဝန်းကျင်မှ မြို့များတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လေဆင်နှာမောင်းသည် အိုင်အိုဝါးပြည်နယ်သို့လည်း ဖြတ်သန်းတိုက်ခတ်သွားခဲ့ပြီး အိုင်အိုဝါးပြည်နယ် ဒက်စ်မွိုင်နက်စ်မြို့တွင် အခြေခံအဆောက်အအုံတချို့ပျက်စီးမှုရှိခဲ့ကြောင်း၊ အင်ဒီယားနားပြည်နယ်တွင်လည်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး သစ်ပင်ကြီးလဲကျမှုကြောင့် ယာဉ်မတော်တဆဖြစ်ကာ အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။


ကယ်ဆယ်ရေးဝန်ထမ်းများက တာတမံကျိုးပေါက်သော နေရာများနှင့် လေဆင်နှာမောင်းဒဏ်သင့်ဧရိယာများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်းလည်း အီလီနွိုက်စ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# လိပ်ပိန်ပိန် နွေချိန်ရောက်မှဖြင့်

မောင်မြိုင့်



သည်နှစ်နွေသည် ခါတိုင်းနှစ်နှင့်မတူ အလွန်ပူလှသည်ဟု ဦးတောကျော်တွေးနေမိသည်။ မကြာမီ သင်္ကြန်ကျတော့မည်။ သူတို့ ပိုက်လှေလေးစီး ခရီးဝေးထွက်ခဲ့ကြသည်မှာ နှစ်လကျော်သုံးလတွင်းသို့ ရောက်လာနေပြီ။

ကြည့်လေရာရာအပင်တိုင်းသည် ရွက်ဝါတို့ခြွေချထားသဖြင့် ရိုးတံကျဲကျဲသာမြင်နေရသည်။ ခပ်ဝေးဝေးရှိ ညိုဝါဝါသောင်ခုံတန်းပေါ်တွင် ဗျိုင်းအောက်များ၊ စန္ဒိုက်ငှက်များ၊ ရေညှောက်ကောင်များသည် ဟိုပြေးသည်လွှားနှင့်အစာရှာနေကြသည်။ ရေကြက်တစ်ကောင်သည် သောင်စပ်သို့ဆင်း၍ တွင်းဝတွင် ပြူတစ်ပြူတစ်လုပ်နေသော ကဏန်းပေါက်စကလေး တစ်ကောင်ကို ကိုက်ချီ၍ လမုဗျိုက်တောထဲသို့ ပြေးဝင်သွားသည်။

သောင်ခုံပေါ်တွင် ဓနိလက်များ၊ ဗေဒါပင်များ၊ သစ်ရွက်ကြွေအမှိုက်များ ရှုပ်ပွနေအောင် တင်ကျန်လျက်ရှိသည်။ ရေကျသွားပြီး ဟိုခပ်ဝေးဝေးရှိ အောက်ဘက်ရွာများဖြစ်သည့် ကကရံ၊ ပြိတ္တာကြီး၊ ပြိတ္တာလေး၊ ကွကွကြီး၊ ကွကွလေးဘက်သို့ စုန်ဆင်းလျက်ရှိသည်။

နှစ်နံစပ် အညာလက်ရက်စောင်ကလေးများနှင့် ရွက်တိုက်လျက်ရှိသဖြင့် လေစုန်ရေစုန်တွင်လှေကလေးများသည် တရိပ်ရိပ်ပြေးလျက်ရှိသည်။ လေကလေးက တဖြူးဖြူးနှင့် တဖျပ်ဖျပ်ကခုန်လျက်ရှိသော လှိုင်းကြက်ခွပ်ကလေးများပေါ်တွင် ကျော်ဖြတ်ပြေးလွှားလျက်ရှိသော လှေကလေးများ၏နောက်တွင် ရေဂယက်စွတ်ကြောင်းကလေးထင်၍ ကျန်နေခဲ့သည်။ ဈေးလှေကလေးများဖြစ်လိမ့်မည်။

ငါးမြွေထိုးပိုက်ဆွဲထွက်လာခဲ့သော ဦးတောကျော်သည် ရွာကလေး၏ထိပ်ဝ ချောင်းစပ်ရှိ ကုက္ကိုပင်ကြီးအောက်တွင်ဆိုက်ကပ်ထားသော အလျားတစ်ဆယ့်သုံးတောင် ဝမ်းအကျယ် နှစ်တောင့်ထွာသာရှိသော ဖောက်တူလှေကလေးပေါ်မှ ငေးမောနေမိခြင်းဖြစ်၏။

ကျန်လူများက ရွာကလေးဘက်သွားကာ ဟင်းစားရှာလျက်ရှိ၏။ နွေခေါင်ခေါင်နေရှိန်ပြင်းသည်မို့ ငါးပုစွန်ရှာရခက်လှလေ၏။ တစ်ခါတစ်ရံ ဟင်းစားပင်မရချင်။ သို့ဖြစ်၍ ရွာကလေးနောက်ဘက်ရှိ တမံများဆီသို့ ငါးကလေးများရလိုရငြား သွားရှာကြခြင်းဖြစ်တော့၏။

ထိုအခိုက်တွင်ပင်-

"အဘရေ. . . အဘ လိပ်ကြီးရလာတယ်ဗျ၊ တမံဖျားမှာ အိုင်ပက်မလို့သွားရင်း ကိုဖိုးနီတွေ့လာတာ ဇင်းရှောကြီးဗျ ဇင်းရှောကြီး၊ ကျွန်တော်တို့ ညစာတော့ ဗိုက်ခွေးနမ်းပဲဗျို့"

စိန်ကုလားသည် ရွှံ့တွေပေနေသောဘောင်းဘီတိုနှင့် ပုဆိုးကိုစလွယ်သိုင်းကာ အထုပ်ကြီးထုပ်၍ လွယ်လျက်ပြေးလာနေသည်။

သူ့နောက်ဘက်ခပ်လှမ်းလှမ်းတွင် ဖိုးနီတို့၊ တင်အုံးတို့၊ ရွှေဖောင်တို့အုပ်စု လိုက်လာနေသည်။ ဦးတောကျော် လှိုက်ခနဲဝမ်းသာသွားရပြီ၊ ဟင်းစားငတ်နေတာကြာပြီမဟုတ်လား။ တစ်နေ့လာ ငါးမြွေထိုး၊ တစ်နေ့လာ ငါးမြွေထိုးနှင့် ကြာလာတော့ မြင်တောင်မမြင်ချင်တော့ပြီ။

"ပြစမ်းပါဦးဟ၊ မင်းလိပ်ဘယ်လောက်ကြီးလို့လဲ"

ဦးတောကျော်၏စကားအဆုံးတွင် စိန်ကုလားက လှေဦးပေါ်သို့ ခုန်တက်လာရင်း ပုဆိုးနှင့် စလွယ်သိုင်းလာသောလိပ်ကြီးကို လှေကန့်ပေါ်သို့ ချ၍ ပြလိုက်သည်။

"ကဲ. . မကြီးဘူးလားဗျ၊ သုံးပိဿာကျော်ရင်သာ ကျော်မယ်၊ မလျော့ဘူးဗျ၊ အဲဒါ အဘလက်စွမ်းပြဖို့ပဲ ကျန်တော့တယ်"

"အမယ် တယ်ဟုတ်ပါလားကွ၊ ဇင်းရှောကြီးဟေ့၊ အင်း ဒါပေမဲ့ သုံးပိဿာတော့မရှိပါဘူးကွာ"

ဦးတောကျော်၏အပြောကို စိန်ကုလားမခံချင်ပေ။ ဖင်နှင့်ခေါင်းအထိ တစ်တောင်သာသာ၊ ဖြက်အကျယ်က တစ်ထွာနှင့်လေးသစ်ကျော်ရှိသော ဤလိပ်ကြီးသည် အဘယ်ကြောင့် သုံးပိဿာမကျော်ဘဲရှိမည်နည်း။

"ကဲ. . ဒါဆိုလောင်းမလားအဘ၊ သုံးပိဿာမကျော်ရင် အဘကို ပုဆိုးတစ်ထည် ဝယ်ကန်တော့မယ်၊ ကျော်ရင်တော့ ဒီညကျွန်တော်တို့အတွက် ဒကာခံရမယ်နော်"

"လုပ်ပါမောင်ရာ၊ မင်းကတိသာတည်ပါစေ"

ဦးတောကျော်က သဘောတူလိုက်လျှင် စိန်ကုလားသည် သူ့တွက်ကိန်းနှင့်သူနိုင်မည်ဟုယူဆကာ "ဟေး" ခနဲအားရဝမ်းသာ ထအော်လေတော့၏။ ကမ်းနပ်ဖူးသို့ ရောက်လာကြသော ဖိုးနီတို့လူသိုက်က ကြားလိုက်လေရာ "ဘာတွေအော်နေတာလဲ စိန်ကုလားရ"ဟု လှမ်းမေးပြီး ဖိုးနီလှေထဲဆင်းလာသည်။

"သည်မှာလေ အဘက သည်လောက်ကြီးတဲ့လိပ်ကြီးကို သုံးပိဿာမကျော်ဘူးတဲ့ဗျာ၊ အဲဒါကျွန်တော်နဲ့လောင်းနေတာ၊ ဟဲ. . ဟဲ. . စိန်ကုလားတို့တော့ သည်ညသောက်ရချေသေးရဲ့"ဟုပြောကာ သဘောကျနေလေ၏။

ဖိုးနီက ဖအေဖြစ်သူ ဦးတောကျော်အား အဓိပ္ပာယ်ပါပါတစ်ချက်ကြည့်ကာ ပြုံးလိုက်ရင်း "ကျွန်တော်သွားပြီး မီးဖုတ်လိုက်အုံးမယ်"ပြောကာ လှေထဲရှိလိပ်ကြီးကို ကမ်းစပ်ပေါ်ရှိ ကိုတင်အုံးထံ ပစ်တင်ပေးလိုက်သည်တွင် ကိုတင်အုံးက လှမ်းဖမ်းယူရင်း-

"ဟ. . ဟ. . ဒါကြီးကို ဘာလို့ကုန်းပေါ်တင်ရတာလဲဟ၊ လှေပေါ်မှာပဲကိုင်လိုက်ရင် ပြီးတဲ့ဥစ္စာ"

"မင်းမသိပါဘူးကွာ၊ နွေလိပ်ဇင်းရှောဆိုတာမကိုင်တတ်ရင် အသားက ဘာမှရှိမှာမဟုတ်ဘူးကွ၊ ကိုရွှေဖောင်ရေ မီးဖိုထားဗျာ"ဟု လှမ်းပြောရင်း ချောင်းကမ်းပါးပေါ် တက်လိုက်သွားတော့၏။

မကြာပါကမ်းစပ်ထိပ်ရှိ ကုက္ကိုပင်ကြီးအောက်တွင် သစ်ကိုင်းခြောက်များ သစ်ရွက်ခြောက်များကို စုပုံကာ ဖိုထားသောမီးဖိုကြီးက တဟိန်းဟိန်းတောက်လောင်လျက်ရှိတော့၏။

ဖိုးနီသည် ဇင်းရှောလိပ်ကြီးကို မီးဖိုပေါ်သို့ ပက်လက်တင်ကာ မီးမြှိုက်လေ၏။ မကြာမီပင် လိပ်ကျောကုန်းအခွံမာကြီးသည် တဖြည်းဖြည်းပျော့ပျောင်းနူးအိလာတော့၏။ ထိုအခါမှ အနားမှာရှိသော သစ်ရွက်ခြောက်များနှင့် မြက်ပင်ခြောက်များကို လိပ်ရင်ဘတ်ပေါ် ပစ်တင်ပြန်၏။

လိပ်ကြီးဆီမှ မွှေးနံ့များထွက်လာပြီး ကျောကုန်းနှင့် ရင်ဘတ်အခွံမာကြီးများ ပျော့အိလာပြီဆိုသော အခါ မီးဖိုထဲမှယက်၍ အပြင်သို့ထုတ်လိုက်သည်။ တုတ်တစ်ချောင်းဖြင့် အသာထိုးကြည့်လျှင်အခွံများ ပျော့အိလာပြီ။ "အဘရေ အဘ မီးဖုတ်ပြီးပြီဗျ"လှမ်း၍အော်လိုက်လျှင် လှေထဲမှဦးတောကျော်သည် ဓားမတစ်ချောင်းကိုင်၍ တက်လာသည်။

"ရွှေဖောင်ရေ ရွာထဲမှာ စပါးလင် လေးငါးပင်နဲ့ ချင်းတက်နည်းနည်းသွားရှာခဲ့ဟေ့၊ ကဲ. . စိန်ကုလား ရေတစ်ပုံးသွားဆွဲခဲ့လေကွာ"ဟု တစ်ဆက်တည်းခိုင်းလိုက်လေတော့၏။

ပြီးလျှင် သစ်သားလှေကပ်တစ်ချပ်ကို ခင်းကာ လိပ်ကို ပက်လက်တင်သည်။ ရေစင်စင်ဆေးသည်။ လက်ခြေခေါင်းတို့သည် မီးမြှိုက်ထား၍ အရေခွံပေါ်ရှိ အကျီအချွဲများကျွမ်းနေသည်ကို ဓားဖြင့်ခြစ်ပစ်သည်။ ဝမ်းဗိုက်အခွံကို ပတ်ပတ်လည်မှ ဓားဦးဖြင့် ဆက်၍ဆက်၍ပေါက်ကာ ခုတ်ပြီးဖယ်လိုက်သည်။ ဝမ်းတွင်းသားများကိုမထုတ်မီ "ကဲ. . လာကြည့်ထားကြ၊ လက်ခြေလေးဘက်အရင်းမှာကပ်နေတဲ့ အညီလုံးတွေတွေ့လား။ ဝါရွှေရွှေနဲ့ ဂေါ်လီလုံးလောက်ရှိတယ်။ အဲဒါထုတ်ပစ်မှ နို့မို့မင်းတို့ဟင်းတစ်အိုးလုံး ပစ်ရပြီမှတ်ပေတော့၊ ညှီလွန်းလို့ ဘယ်လိုမှစားမရဘူးကွ၊ ရင်ဘတ်နဲ့ကျောကအခွံတွေလဲ မီးနာနာမြှိုက်ထားတော့ အလယ်ကောင် ခုံညင်းတစ်ဒိုးစာလောက်သာ စားမရတာ၊ ပတ်လည်အနားသားတွေကတော့ အိုးထဲထည့်ချက်လိုက်ရင် အုန်းသီးစိတ်ကြီးတွေလို တထုတ်ထုတ်နဲ့ အင်မတန်ကောင်းတာပေါ့"

"ဟုတ်တယ်ဟေ့၊ လိပ်ကိုင်တာကြည့်ထားအုံးမှ၊ လိပ်သားကိုသာ လူတိုင်းစားကြတာ၊ လိပ်ကိုင်ဖို့ကျတော့ တတ်တဲ့လူရှားတယ်ကွ"

ကိုတင်အုံးကပြောရင်း အညီလုံးများယူကာ ချောင်းထဲသို့ လွှင့်ပစ်လိုက်သည်။

"ကဲ. . စိန်ကုလား၊ မင်းချိန်ကြည့်အုံးမလား၊ အခု ငါလိပ်တစ်ကောင်လုံးကို ကိုင်တွယ်ခုတ်ထစ်ပြီးပြီ၊ အလွန်ဆုံးရှိမှ နှစ်ပိဿာပါပဲ၊ ဒါတောင် အခွံတွေပါ စားလို့ရအောင် လုပ်ထားလို့"

"ကျွန်တော်ရှုံးပါပြီအဘရယ်၊ ဒါပေမဲ့ ကျွန်တော်နားမလည်တာက ကျုံမငေးအောက်နားမှာ လိပ်တစ်ကောင်ရဖူးတယ်အဘရဲ့၊ အဲဒါ ကျွန်တော်တို့ အသားချိန်ရောင်းတာသုံးပိဿာကျော်တယ်အဘရဲ့၊ ဒီကောင်ထက်တောင် နည်းနည်းငယ်ချင်သေးတယ်၊ ဒါကြောင့် ဒီကောင်ကြီးကို အနည်းဆုံး သုံးပိဿာလောက်ထွက်မယ်မှန်းထားတာ၊ အခုလို နှစ်ပိဿာလောက်ပဲရှိတယ်ဆိုတော့ နားကိုမလည်တော့ပါဘူးဗျာ၊ ရှုံးပါပြီ" ဟု ညည်းလျှင် ဦးတောကျော်က သဘောကျစွာ ရယ်လိုက်ရင်း-

"နေစမ်းပါအုံး စိန်ကုလားရဲ့၊ မင်းတို့ အဲသည်လိုလိပ်ရတာ ဘယ်ရာသီလဲကွ"

စိန်ကုလားက တွေခနဲစဉ်းစားလိုက်ရင်း-

"အင်း. . မိုးတွင်းပဲအဘရဲ့၊ တော်သလင်းလထင်တယ်"

"အဲဒါအရေးကြီးတဲ့အချက်ပဲကွ၊ လိပ်ဆိုတာ ရာသီကိုလိုက်ပြီး ပိန်တာ၊ ဝတာ ရှိတယ်ကွ၊ အဲဒါကိုသိထားဖို့တော့လိုတယ်၊ နို့မို့ဆိုရင် ဘယ်လောက်ပိဿာချိန်ထွက်မလဲလို့ တွက်တဲ့အခါ မှားတတ်တယ်"

"တော်တော်တော့ထူးဆန်းတာပဲနော်၊ ဘယ့်နှယ်ရာသီကိုလိုက်ပြီး ပိန်တယ်၊ ဝတယ်ဖြစ်ရတယ်လို့ ကြားမကြားဖူးပါဘူးဗျာ၊ အဘဟာက ဟုတ်ကောဟုတ်ရဲ့လားဗျ"ကိုတင်အုံးက မယုံသလိုမေးလိုက်လေရာ-

"ဟေ့ကောင် မသိရင်အသာနေကွ၊ ကိုယ့်ထက်အတွေ့အကြုံရှိတဲ့ အကြားအမြင်ဗဟုသုတရှိတဲ့ လူကြီးတွေဆီက တို့မှတ်စရာတွေအများကြီးရှိတယ်ကွ၊ ကဲ. . ကဲ အဘ ဗဟုသုတပေါ့အဘရယ် ပြောပြစမ်းပါ" ကိုရွှေဖောင်က ဝင်ပြီးတောင်းပန်လိုက်သည်။

"အေးလေ. . လူငယ်ဆိုတော့လဲ ကိုယ်တွေ့ကြုံမှယုံချင်ကြတာပါပဲ၊ ငါတို့လဲအရင်တုန်းက တို့ထက်ဝါရင့်သမ္မာရင့်တဲ့ တံငါကြီးတွေက ပြောတဲ့စကားကြားရတဲ့အခါမှာ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်ခဲ့တာပါပဲ၊ လက်တွေ့ကြုံတော့လဲ ယုံရတာပါပဲ၊ အမယ် ငါ့တုန်းက တို့ရွာလယ်ပိုင်းက ဦးအောင်ညွန့်ကြီး သိတယ်မဟုတ်လား၊ ကွန်သမားကြီးလေကွာ၊ အဲဒါလိပ်တစ်ကောင်ရလာတော့ ငါနဲ့ငြင်းကြတာဟေ့၊ ဝါစိမ်းနီဆေးပေါ့လိပ် ငါးဆယ်တစ်စည်း ရှုံးရတော့တာပဲ"ပြောရင်း လက်ထဲက ဆေးလိပ်တိုကို မီးဖိုထဲမှမီးစဖြင့် ညှိလိုက်သည်။

ကဏန်းကျစ်စာခဲကြီးသုံးလုံးကို ဖိုခုံလောက်လုပ်၍တည်ထားသော လိပ်သားဟင်းအိုးကြီးသည် မီးရှိန်ပြင်းပြင်းကြောင့် ပွက်ပွက်ဆူနေသံကိုကြားနေရပြီ။

စာဆိုကလေးတစ်ခု မှတ်ထားဖူးတယ်ကွ၊ ဘာတဲ့ "နွေပိန် မိုးဝ ဆောင်းကျ လိပ်ဆူ"တဲ့ မှတ်ထားကြပေတော့၊ နွေရာသီမှာ လိပ်တွေက တွင်းအောင်းနေကြတာကိုး၊ ချောင်းထဲမြောင်းထဲထွက်ပြီး အစာမစားကြတော့ဘူး၊ အိုင်စပ်၊ အင်းစပ်၊ ချောင်းဦးတိုအစပ် ရေနဲ့နီးတဲ့ မြေမွမွတွေထဲမှာဝပ်ပြီး နွေခိုကြတာပေါ့ကွာ၊ အဲသည်လို ကျင်းဝပ်တယ်ဆိုပေမဲ့လဲ တစ်တောင် နှစ်တောင်အနက်မှာမဟုတ်ဘူးကွ၊ မသကာ တစ်မိုက်တစ်ထွာလောက်အနက်မှာပဲ အသာလေးငြိမ်ပြီးနေကြတာ၊

စာမျက်နှာ ၂၅ သို့ ➤

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီ၌ စပါး ၄၃၄၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၃၄၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထား ၂၀၄၁၂၂ ကေကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိစပါး ၄၃၄၇၉ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး၊ စပါးများအထွက်နှုန်းတိုးတက်လာစေရေးအတွက် မိုးစပါးစိုက်ခင်းများတွင် ဓာတ်မြေဩဇာကို အကျိုးရှိရှိသုံးစွဲနည်းများ၊ ကိုယ်တိုင်သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနည်းများ သုံးစွဲရန်စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် ငပုတောမြို့နယ်မှာ မိုးစပါး ၂၀၄၁၂၂ ကေ လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ စပါး ၄၃၄၇၉ ကေထိ စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးနေတဲ့မိုးစပါးတွေ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ငပုတောမြို့နယ်မှာ သက်ကြီးစပါးတွေဖြစ်တဲ့ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေးစပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးနေပါတယ်။ ရွှေခရုနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို မစိုက်ခင်အချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**လှိုင်းဘွဲ့ ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးသန်းဝင်းအောင်က ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဘုရားကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

## လေးစားပါတယ် အို. . .လူငယ်

\- မျက်မှောက်အခါတွင်
ရှုမြင်ရလူငယ်များ၊
တပ်မတော်သို့ ဝင်ရောက်ခြင်း
ဆောင်ကြဉ်းဝင့်ကြွား။

\- စစ်မှုထမ်းဆောင်
ပြည်ချစ်မောင်ဘဝ၊
လူငယ်တွေခံယူမှု
တွေးရှုကြည့်က။

\- နိုင်ငံသာယာ
အေးချမ်းကာ ဖွံ့ဖြိုးစေမည့်၊
စစ်မှန်သည့်မျိုးချစ်အား
ပွားများကာ နိုင်ငံအကျိုး
သယ်ပိုးခြင်းတည့်။

\- တိုင်းပြည်နှင့် လူမျိုးအတွက်
အဖျက်ရန်ကင်းစေရာ၊
လူငယ်တွေ တက်တက်ကြွကြွ
လှံ့လထုတ်ကာ၊
ကျရာဝန်တာ
ကျေပွန်စွာထမ်းဆောင်အားက၊
လေးစားဖွယ် လူငယ်များဟု
တင်စားဖွယ်ပ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ကြည့်တတ်တဲ့ လိပ်ဖမ်းသမားတွေဆိုရင် တန်းသိတာပဲဟေ့"

"ဟုတ်မယ်အဘရေ. . ကျုံပတုတ်နောက်ဘက်က ကျူတောကိုင်းတောကြီးတွေရှင်းပြီး လယ်ယာမြေတွေဖော်ထုတ်ရေးလုပ်တုန်းက လယ်ထွန်စက်တွေနဲ့ထွန်လိုက်တာ၊ ရလိုက်တဲ့လိပ်တွေမှ အများကြီးပဲ" ကိုတင်အုံးထောက်ခံလိုက်သည်။

"အဲသည်လို အစာမစားတော့ဘဲ တွင်းအောင်းနေခဲ့တာ မိုးကုန်ကတည်းကဆိုတော့ အခုလိုနွေခေါင်ခေါင်လတွေမှာ အခွံသာကြီးပေမဲ့ အထဲကအသားကျတော့ သိပ်မရှိဘူးကွ၊ မင်းတို့ဖမ်းလာတဲ့ ဇင်းရွှောကြီးကိုသာ ကြည့်ပေတော့ဟေ့"

"သည်ကောင်ကြောင့် ကျွန်တော်ရှုံးတာပေါ့အဘရာ၊ ဟင်းအိုးသာကျက်စမ်းပါစေ အဝကိုစားပစ်လိုက်မယ် ဟဲဟဲ"

စိန်ကုလားကပြောလျှင် အားလုံးက သဘောကျစွာဝိုင်းရယ်ကြလေ၏။

"မိုးတွင်းခါကျတော့ အစာရေစာကလဲပေါ၊ ကူးစရာခတ်စရာ လယ်ကွင်းတွေ၊ ရိုးတွေအိုင်တွေကလဲ ရေအပြည့်နဲ့ဆိုတော့ လိပ်တွေမြူးတဲ့ရာသီပေါ့လေ၊ အဲဒါကြောင့် မိုးတွင်းမှာရတဲ့လိပ်တွေက အသားများကြတယ်၊ ဝဖြိုးကြတယ်ပေါ့ကွာ"

"တွေ့ကြသေးတာပေါ့ကွာ၊ လာမဲ့မိုးတွင်းကျရင် ကွမ်းသီးချောင်းဖျားဘက်တက်ပြီး ဖမ်းကိုဖမ်းအုံးမယ်"စိန်ကုလားက ဝင်ပြောလိုက်ပြန်သည်။

"နေစမ်းပါဟေ့ကောင်ရာ၊ စကားကောင်းနေတုန်း ဝင်မရှုပ်နဲ့ကွာ" ကိုရွှေဖောင်က စိန်ကုလားကိုဟောက်၏။

"အဲ. . . ဆောင်းဦးပေါက်ပြီလားဆိုရင် ရလာတဲ့လိပ်တွေဟာ ချက်စားရင် တအားဆူမှဆူပဲဟေ့၊ မချက်ခင်ကိုင်နေတုန်းမှာကို ဝမ်းထဲမှာ အဆီတွေဟာ အများကြီးပဲကွ၊ ဘယ်လိုကြောင့်ဆူတာလဲဆိုတော့ မိုးကုန်ခါနီးမှာဆိုတော့ အစားအစာတွေ အဝအပြစားထားကြတာဆိုတော့ မိုးလဲကုန် ကျင်းလဲခိုဖြစ်တော့ အသွားအလာ အလှုပ်အရှား မရှိဘူးမဟုတ်လား၊ အဲသည်တော့ တစ်မိုးလုံးစားသမျှဟာ ကျင်းဝပ်ရင်း အဆီဖြစ်တော့တာပေါ့ကွာ၊ ဒါကြောင့် ဆောင်းကျရင် လိပ်ဆူလို့စကားကို ထားခဲ့ကြတာပေါ့" ပြောရင်းမောသွားသဖြင့် ဦးတောကျော်က ရေနွေးကြမ်းကိုသောက်သည်။

"အင်း. တွေးကြည့်ရင် လိပ်တွေနဲ့ ငါတို့ တံငါကပ်ပါးတွေရဲ့ဘဝနဲ့က တူတယ်ကွ" ဦးတောကျော်က ပြောလက်စ စကားကိုရပ်၍ ဆေးပေါ့လိပ်ကို တစ်ချက်ဖွာသည်။ ပြီးလျှင် ဟိုးအဝေးမြစ်ပြင်ကျယ်ဆီသို့လှမ်း၍ငေးနေသည်။ မြစ်ကမ်းစပ်ရှိ ဓနိပင်တန်းများသည် လေတိုက်ရာဘက်သို့ ယိမ်းငိုက်၍ပါသွားလိုက် ပြန်၍ထောင်မတ်လိုက်နှင့် နားခိုစရာခက်နေသော ငှက်ကလေးတွေက အတောင်ပံများ ဖြန့်ကာဝဲကာ ဆူညံစွာအသံပေးလျက်ရှိသည်။

နားထောင်နေသောအဖွဲ့ထဲမှ ဖိုးနီက "ဘယ်လိုအဖေ၊ ဘယ်လို လိပ်တွေနဲ့ကျွန်တော်တို့နဲ့ ဘဝတူတယ်ဟုတ်လား"ဟု အံ့ဩစွာမေးလိုက်သည်။

"အေး. . ဟုတ်တယ်၊ ရာသီကိုလိုက်ပြီး ပိန်လိုက်၊ ဝလိုက် ဆူဖြိုးလိုက်ဖြစ်နေရတဲ့လိပ်တွေရဲ့ဘဝဟာ ငါတို့လို အရင်းအနှီးမရှိတဲ့ ကပ်ပါးတံငါတွေရဲ့ဘဝနဲ့ အတော့်ကိုတူတာပေါ့ကွာ၊ မင်းတို့စဉ်းစားကြည့်စမ်း၊ မိုးတွင်းအခါမှာ ချောင်းရေကလျှံ ကန်ရေကတိုးနဲ့ ပေါလိုက်တဲ့ငါးတွေ ပုစွန်တွေ၊ ချောင်းထဲမြောင်းထဲမှာရှာရှာ၊ လယ်ကွင်းလယ်ကွက်ထဲမှာပဲ ဆင်းနှိုက်နှိုက်၊ တနင့်တပိုးရကြတာပဲမဟုတ်လား၊ တံငါဆိုတာ ငါးပုစွန်ပေါမှ၊ ရှာလို့ဖွေလို့ရမှ စားဝတ်နေရေးအဆင်ပြေတာမဟုတ်လား၊ မိုးတွင်းကာလတွေမှာ တံငါတွေဝဝလင်လင်စားရတဲ့ကာလလို့ ငါပြောချင်တယ်" ဦးတောကျော်၏စကားကို စိတ်ဝင်စားစွာ ငြိမ်၍နားထောင်နေကြသည်။

"ဟော ဆောင်းကာလမှာဆိုရင်လဲကြည့်လေ၊ သီတင်းကျွတ်ပြီးလို့ "ကျ မ"ဆွဲသွားပြီးအောက် ရေဆုတ်သွားပြီလားဆိုမှဖြင့် ငါးမြွေထိုးပိုက်ပဲ ဆွဲဆွဲ ငါးသလောက်ပိုက်ပဲမျှော်မျှော်၊ ကွန်ပဲပစ်ပစ် နောက်ဆုံးချုံချုံပြီး ဖော်ရောင်းအုံးမလား၊ စားဖို့၊ သောက်ဖို့အပြင်၊ လှူဖို့တန်းဖို့ပါ စုနိုင်ဆောင်းနိုင်သေးတော့ တံငါတွေဆူဖြိုးတဲ့ကာလဖြစ်ပြန်ရောကွ"

လိပ်သားဟင်းအိုးကြီးဆီမှ တဖျစ်ဖျစ် ဆီပြန်လာသံနှင့်အတူ စပါးလင်နံ့၊ ချင်းနံ့တို့သည် လိပ်သားရနံ့နှင့်ရောလျက် မွှေးကြိုင်လာနေသည်။ "ရွှေဖောင်ရေ၊ မီးနည်းနည်းလျှော့ဟေ့၊ ဆီပြန်လာပကွ" ဦးတောကျော်က လှမ်းပြောရင်း "အခုလို နွေခေါင်ခေါင်ကာလများရောက်ပြီဆိုမှဖြင့် ရွာနားအိမ်နားက လယ်ကွင်းတွေ၊ ရိုးချောင်းတွေလဲ ရေခန်းပြီ၊ ချောင်းတွေမြောင်းတွေမှာလဲ ရေနည်းပြီး ရောင်းချစားဖို့မပြောနဲ့ ဟင်းစားတောင်မရနိုင်တော့လို့ အခုလို မင်းတို့ငါတို့ အဝေးကိုထွက်လာပြီး ရှာရဖွေရတယ် မဟုတ်လား"

"အဝေးကိုလာရကျိုးလဲမနပ်ပါဘူး အဘရာ၊ အခု ကျွန်တော်တို့ထွက်လာတာ နှစ်လတောင်ကျော်ခဲ့ပြီပဲ၊ ဟုတ်ဟုတ်ပတ်ပတ် မစုမိသေးပါဘူးဗျ"အောင်ရှိန်းက ဝင်ပြောသည်။

"အေးဟုတ်တယ်၊ ရှိသမျှချောင်းတွေမှာလဲ ငါးပုစွန်အထိအမိများတဲ့နေရာမှန်သမျှ ဂရန်နဲ့လေလံနဲ့ဆွဲဝယ်ထားတဲ့ ချောင်းတွေဖြစ်နေကြတော့ ငါတို့ဝင်ပြီးရှာလို့မရတော့ဘူး၊ ငါတို့လို အရင်းအနှီးမရှိတဲ့ ကပ်ပါးတံငါတွေမှာ အင်းချောင်းလဲမဝယ်နိုင်တော့ လူများစုဘုံရှာဖွေစားရတဲ့နေရာတွေမှာပဲ ရှာကြရတော့တာပေါ့၊ အဲသလို ဘုံပိုင်ချောင်းတွေကျပြန်တော့လဲ ဖွတ်ဖွတ်ကျေအောင် ရှာကြဖွေကြတဲ့ ဘဝတူတွေကများတော့. . ဟင်းစားတောင်အနိုင်နိုင်မဟုတ်လား၊ အဲဒါကြောင့် နွေမှာ တံငါတွေအဖို့ စိတ်လဲပိန်၊ လူလဲပိန်ဖြစ်နေလို့ နွေပိန်၊ မိုးဝ၊ ဆောင်းဆူဆိုတဲ့ လိပ်တွေအတွက် ရှေးလူကြီးတွေထားခဲ့တဲ့စကားဟာ ငါတို့ကပ်ပါးတံငါတွေအတွက်လဲ လာပြီးမမှန်ပေဘူးလား၊ အဲဒါကြောင့် လိပ်နဲ့ငါတို့နဲ့ တူတယ်လို့ပြောတာဟေ့ ရှင်းပြီလား"

"အဘပြောတော့လဲ ဟုတ်တုတ်တုတ်ပဲ"ဟု ကိုရွှေဖောင်က ခေါင်းတညိတ်ညိတ်နှင့် သဘောကျစွာ ထောက်ခံနေသည်။ ထိုအခိုက် တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော စိန်ကုလားက "သည်မှာအဘ ဘာမှပူမနေနဲ့ တစ်ချိန်လုံး နွေချည်းတော့ ဖြစ်မနေပါဘူးဗျာ၊ ဟော. . အခုလို နွေပြီးရင် မိုးလာမယ်၊ မိုးကျရင် ကျွန်တော်တို့ ဝမယ်လေ၊ မိုးပြီးပြန်တော့ ဆောင်းရောက်မယ်၊ ဆောင်းကျရင် ကျွန်တော်တို့ ဆူဆူဖြိုးဖြိုးရှိလာအုံးမှာပေါ့ အဘရဲ့၊ နွေကလေးတစ်ချိန်ပိန်ရုံနဲ့တော့ စိတ်ပျက်စရာမရှိပါဘူး၊ ဟင်းအိုးလဲ ဆီပြန်ပြီ၊ လာထမင်းစားကြမယ်၊ ဘာပဲပြောပြော လောလောဆယ်မှာ ဗိုက်ဝဖို့က အရေးအကြီးဆုံးပဲ"

"စိန်ကုလားပြောတာမှန်တယ်ဟေ့၊ လာကြထမင်းစားကြမယ်ဟေ့" ကိုရွှေဖောင်က အော်ခေါ်လိုက်သည်။ ဟုတ်သည် လောလောဆယ်အချိန်မှာ ထမင်းဝအောင်စားဖို့က သူတို့အတွက်အရေးကြီးပါ၏။ ဆီပြန်ချက်ထားသော လိပ်သားဟင်းရနံ့က နှာခေါင်းဝကို လာ၍ချူနေပြီ။

# အောင်လံလွှင့်၍ ကမ်းလင့်ခဲ့ပြီ

ကျော်ဝေ (ဥက္ကလာ)

စိမ်းမြသော မြက်ခင်းပြင်များထက်ဆီမှ အလံတော်တစ်လူလူလွှင့်ထူလျက် ပြည်သူ့သားကောင်း ပြည်သူ့စစ်မှုထမ်းတို့၏ စစ်ချီသံကို နိုင်ငံတစ်ဝန်း ပဲ့တင်ခတ်၍ ကြားခဲ့ရပေပြီ။ သူတို့၏ စစ်ချီသံများကား နောင်လာမည့် ပြည်သူ့စစ်မှုထမ်းများကို ရဲရင့်စေသော ခရီးဦးကြိုပြုသံများတစ်ဖြစ် ကြားသိစေရမည်သာ။ ထို့ပြင် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက်လည်း အားရကျေနပ်ဖွယ်ရာမြင်ကွင်းများကို ပေးစွမ်းနိုင်သေးသည်။ ထိုသို့ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာစေရန် အောင်လံကိုလွှင့်အောင်ပန်းဆင့်မည့် ပြည်သူ့စစ်မှုထမ်းများကို တစ်တိုင်းတစ်ပြည်လုံးက သောင်းသောင်းဖြဖြ ကမ်းလင့်ကြိုဆိုနေကြဦးမည်လည်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် စတင်ရေးဆွဲခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ်တွင် ပြဋ္ဌာန်း၍ နိုင်ငံတစ်ဝန်းရှိ အကျုံးဝင်သည့် လူငယ်လူရွယ်များကို ဆင့်ခေါ်ကာ ပြည်သူ့စစ်မှုထမ်းများအဖြစ် စတင်မွေးထုတ်ခဲ့သည်။ ယနေ့ဆိုလျှင် အမှတ်စဉ်(၁)မှ (၃) ထိ ခရီးရောက်ခဲ့ပြီး အမှတ်စဉ်(၁)ပင်လျှင် သင်တန်းဆင်းစစ်သည်တော်များဖြစ်ခဲ့လေပြီ။ အမှတ်စဉ်(၂) နှင့်(၃)မှာ သင်တန်းတက်ရောက်နေဆဲဖြစ်ပြီး အမှတ်စဉ်(၄)အတွက် တိုင်းဒေသကြီး၊ မြို့၊ ရွာအနှံ့ စာရင်းပြုစုနေသည့် အခြေအနေများကို ကြားသိနေရပါပြီ။ ဥပဒေပြဋ္ဌာန်းခါစ ဥပဒေနှင့်ပြည်သူအသားမကျသေးသည့်အခြေအနေများကြောင့် တစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ ကောလာဟလများကြောင့်တစ်ဖုံ ခံစားချက်အမျိုးမျိုးဖြစ်ခဲ့ကြသည်။ သို့သော် ယနေ့အချိန်အခါတွင် အမှတ်စဉ်(၁)၊ (၂) (၃)မှ နောင်တော်ပြည်သူ့စစ်မှုထမ်းများ၏ ပုံရိပ်များကြောင့် နောင်ပြည်သူ့စစ်မှုထမ်းများအတွက် မိမိလျှောက်လှမ်းရမည့် ထိုခရီးအတွက် စဉ်းစားဝေဝါးနေရန် လိုမည်မထင်တော့ပေ။

**"နှစ်နှစ်တာဝန်ပြီးဆုံးရင်လည်း တပ်မတော်က လိုအပ်လာရင် နိုင်ငံနဲ့လူမျိုးအတွက် အရိုန်မရှေး အသက်စွန့်ပြီး ကာကွယ်စောင့်ရှောက်ဖို့စဉ်းစားထားပါတယ်"** ထိုစကားသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်း စစ်သည်တစ်ဦးပြောခဲ့သည့် စကားတစ်ခွန်းသာဖြစ်သည်။ ထိုစကားမှတစ်ဆင့် သူ့နှလုံးသားထဲမှ ခံယူချက်နှင့် စိတ်ဓာတ်ကို လှမ်းမြင်တွေ့နိုင်သည်။ ထို့ပြင် အတိတ်သမိုင်းပုံရိပ်တချို့ကိုလည်း မြင်ယောင်မိ၏။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ၌ ဗန်ကောက်မြို့တွင် BIA ကို စတင်ဖွဲ့စည်းခဲ့သည်။ BIA စစ်ကြောင်းကြီးများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ် မြို့ရွာအနှံ့ရှိ တက္ကသိုလ်ကျောင်းသားများ၊ အရွယ်ရောက်သော ကျောင်းသားများ BIA တပ်ထဲသို့ အများအပြား ဝင်ရောက်ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ကြောင့် နိုင်ငံတွင် တက္ကသိုလ်နှင့် စာသင်ကျောင်းများ ပိတ်ထားရသည်။ တပ်မတော်ထဲဝင်ခဲ့ကြသော လူငယ်လူရွယ်များနှင့် ကျောင်းသားတချို့တို့မှာ စစ်ကြီးပြီးသော်လည်း စာသင်ခန်းများဆီ မပြန်ခဲ့ကြ။ တပ်မတော်ထဲတွင် ဆက်လက်အမှုထမ်းကာ လွတ်လပ်ရေးတိုက်ပွဲကို ဆုံးခန်းတိုင်အောင် ဆင်နွှဲခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြီးမားသည့် အချိန်တွင်လည်း ရန်ကုန်၊ မန္တလေးရှိ တက္ကသိုလ်ကျောင်းသားများက တပ်မတော်နှင့် လက်တွဲကာ သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည်။ အခြေအနေအေးချမ်းသွားသော်လည်း ၎င်းတို့ ကျောင်းတော်များဆီ မပြန်ခဲ့ကြဘဲ တပ်မတော်တွင်သာ ဆက်လက်အမှုထမ်းခဲ့ကြသည်။ စီးမျောနစ်ဝင်သွားသော အတိတ်လူငယ်တို့၏ နှလုံးသွေးများသည် ယနေ့လူငယ်တို့၏ နှလုံးသားထိ စီးဆင်းခရီးတွင်စေချင်သည်။

**"ပြည်သူ့စစ်မှုထမ်းကို ဦးနှောက်ထဲမထားပါနဲ့။ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့ပဲ ကြိုးစားစေချင်ပါတယ်"** ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်တစ်ဦး၏ စကားပင်ဖြစ်သည်။ အမြဲတမ်းစစ်မှုထမ်းဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းဖြစ်စေ ရှင်သန်စီးဆင်းရသည့် အခြေခံဘဝနယ်ပယ်သည် တပ်မတော်သားဟူသည့် ဘဝနယ်ပယ်သာဖြစ်သည်။ ပန်းတိုင်သည် စစ်သားကောင်းပီသစေရန်သာဖြစ်သည်။ နှစ်အကန့်အသတ်များ ကွာခြားရုံသာ ကွာခြားသွားသည်။ စိတ်ဓာတ်၊ ခံယူချက်၊ တာဝန်ကျေပွန်မှု၊ အမိန့်နာခံတတ်မှု၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု စသောဝိသေသများသည် အတူတူပင်။ နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ခြင်းဟူသည့် တာဝန်တစ်ရပ်ပေါ်တွင် နောက်ဆုံး၌ ဆုံစည်းကြစမြဲဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှုကာလများတွင် တပ်မတော်နှင့်လက်တွဲကာ တိုက်ပွဲဝင်ခဲ့သောတက္ကသိုလ်ကျောင်းသားများ၊ အရွယ်ရောက်သောကျောင်းသားများသည် ၎င်းတို့ကိုယ်တိုင် ငါတို့သည်ပင် တပ်မတော်သားများဖြစ်ကြသည်ဟူသည့် ခံယူချက်တစ်ခုတည်းကိုသာ ထားခဲ့ကြလိမ့်မည်။ တာဝန်ကျသည့်တပ်၊ ပေးအပ်လာသည့် တာဝန်အပေါ်တွင် စစ်သားကောင်းပီပီ ထမ်းဆောင်ခဲ့ကြသူများသာဖြစ်သည်။ **အမြဲတမ်းစစ်မှုထမ်းဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းဖြစ်စေ မြက်ခင်းစိမ်းများပေါ်တွင် ဘယ်ညာနင်း၍ အလံကိုင်သစ္စာဆိုခဲ့ကြလျှင် ကိုယ်စီနှလုံးသားထဲ၌ အဖွဲ့အစည်းစိတ်ဓာတ် (Team Sprit)၊ အဖွဲ့အစည်းဖြင့် လုပ်ဆောင်တတ်ခြင်း (Team Work)၊ ရဲဘော်ရဲဘက်စိတ် (Esprit Decorps)၊ နိုင်ငံကောင်းအောင်ဆောင်ရွက်လိုစိတ် စသည့် ဝိသေသကောင်းများသည် တူညီစွာထင်ဟပ်သွားကြမည်ပင်။ ထိုစိတ်ဓာတ်များကား စစ်သည်တော်အားလုံးသို့ လွှမ်းခြုံကိန်းအောင်းစေချင်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းပင်ဖြစ်လင့်ကစား အဓိကခံယူချက်ထားပြီး ကြိုးစားလျှောက်လှမ်း၍ စစ်သားကောင်းတစ်ယောက်ဖြစ်စေရေးသည်သာ ပဓာနဖြစ်သည်ဟု ခံယူလျက် အနာဂတ်ခရီးကို လှမ်းနေရဦးမည်ဖြစ်သည်။**

ယနေ့ကမ္ဘာကြီးသည် ငြိမ်းချမ်းရေးစကားလုံးများ မှေးမှိန်ကာ လက်နက်ဆန်းများတီထွင်ရင်း စစ်ဟူသည့် အနိဋ္ဌာရုံဘက်ကို တစ်စတစ်စကူးပြောင်းလာသည်။ ယူကရိန်းနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ပါလက်စတိုင်းနိုင်ငံတို့တွင် အဖက်ဖက်သော ပြည်သူတို့၏ အနာဂတ်လူမှုဘဝများကို ထိခိုက်စွန်းထင်းလာသည်ကို တွေ့ရမည်ပင်။ အနောက်ဥရောပနိုင်ငံများ၏ ပယောဂများကို အရှေ့တောင်အာရှနှင့် အာရှဒေသတွင်းနိုင်ငံများကြားတွင်မကြာခဏမြင်တွေ့လာရသည်။ ထိုအခြေအနေများကြားတွင် ပြည်ပအင်အားကြီးနိုင်ငံခေါင်းဆောင်များ၏ ဓနသဟာယနိုင်ငံအချင်းချင်း လက်ဆွဲနှုတ်ဆက်နေမှုများကိုလည်း ယခုကာလများတွင် ခပ်စိပ်စိပ်မြင်တွေ့နေရသည်။ ထိုလက်ဆွဲနှုတ်ဆက်မှုများကို စာရေးသူလေ့လာကြည့်မိသည်။ အင်အားကြီးနိုင်ငံချင်းဟုဆိုရာဝယ် ကာကွယ်ရေးအင်အားဖြစ်သည့် လူ၊ လက်နက်၊ နည်းပညာ၊ အချက်အချာကျသောပိုင်နက်နယ်မြေ စသောအဓိကအချက်များပေါ်တွင် များစွာမှီတွယ်နေမည်လားဟု သူတို့ပုံရိပ်များကိုကြည့်ရင်း ကောက်ချက်ချမိသည်။

မည်သို့ပင်ဆိုစေ မိမိတို့နိုင်ငံသည်လည်း ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေရတော့မည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကာကွယ်ရေးစွမ်းအားကဏ္ဍဘက်စုံမြှင့်တင်ရေးကို အစွမ်းကုန်ကြိုးစားကြရန် အချိန်တန်ပါပြီ။ ကာကွယ်ရေးစွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှ တောင့်တင်းခိုင်မာနေလျှင် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေသည် တည်တံ့ခိုင်မြဲနေမည်ပင်ဖြစ်သည်။ အနှစ်ချုပ်သည် ကာကွယ်ရေးအင်အားများ စဉ်ဆက်မပြတ် ခိုင်မာတောင့်တင်းရေးနှင့် ကာကွယ်ရေးစွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။

အနာဂတ်ကောင်းတစ်ခုအတွက် ပစ္စုပ္ပန်များကို ရင်းနှီးကြရစမြဲပင်။ ယနေ့ ပစ္စုပ္ပန်မျိုးဆက်များသည် အနာဂတ်မျိုးဆက်သစ်များအတွက် မည်သို့သော အနာဂတ်ကို ပုံဖော်ဖန်တီးပေးခဲ့ကြမည်နည်း။ ပစ္စုပ္ပန်ရှိ ယနေ့မျိုးဆက်များသည် အနာဂတ်အတွက် လက်ဆင့်ကမ်းအမွေကို မဖြစ်မနေပေးခဲ့ကြရမည်။ ထိုလက်ဆင့်ကမ်းအမွေသည် ကောင်းမွန်သော အနာဂတ်နိုင်ငံတော်တစ်ခုသာဖြစ်ရမည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကြီးတွင် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာစေရန်အတွက် ယနေ့မွေးဖွားပေးခဲ့သောပြည်သူ့စစ်မှုထမ်းများက အောင်လံလွှင့်၍ ကမ်းလင့်ခဲ့ပြီးပါပြီ။ နောင်မျိုးဆက်သစ်ပြည်သူ့စစ်မှုထမ်းများသည်လည်း ယုံကြည်မျှော်လင့်ရဲရဲဝံ့ဝံ့ဖြင့်သာ လှမ်းခဲ့ကြရန် အချိန်တန်ပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

❖ မည်သို့ပင်ဆိုစေ မိမိတို့နိုင်ငံသည်လည်း ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေရတော့မည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကာကွယ်ရေးစွမ်းအားကဏ္ဍဘက်စုံမြှင့်တင်ရေးကို အစွမ်းကုန်ကြိုးစားကြရန် အချိန်တန်ပါပြီ။ ကာကွယ်ရေးစွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှ တောင့်တင်းခိုင်မာနေလျှင် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေသည် တည်တံ့ခိုင်မြဲနေမည်ပင်ဖြစ်သည်။ အနှစ်ချုပ်သည် ကာကွယ်ရေးအင်အားများ စဉ်ဆက်မပြတ်ခိုင်မာတောင့်တင်းရေးနှင့် ကာကွယ်ရေးစွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ❖

# မိုးညိုမြို့နယ် မိုးညိုလေးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးညို ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆင်ခေါင်းကျေးရွာအုပ်စု မိုးညိုလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မိုးညိုလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီခြင်း ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မိုးညိုလေးကျေးရွာ၌ လမ်းအရှည် ၂၀၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၅ သန်းဖြင့် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်သည့်အပြင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကန်စွန်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧကကို ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် မြောင်းမြမြို့နယ်တွင် ဧက ၂၆၀၀၊ အိမ်မဲမြို့နယ်တွင် ၁၀၈၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၀၅၅ ဧက စုစုပေါင်း ၄၇၃၆ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ်စားဖိုဆောင်သီးနှံကို မြောင်းမြမြို့နယ်မှာ အများဆုံးစိုက်ပျိုးဖို့ရှိပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ဂေါ်ဖီ၊ သခွား၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သံတောင်ကြီးမြို့နယ် ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဇူလိုင် ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာကြီးကျေးရွာအုပ်စု ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာကြီး(ဟောင်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာကြီး(ဟောင်း) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို ရန်ပုံ ငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ကမ္ဘာ့သက်တမ်းရင့်သစ်တောများ အပိုင်း (၂)

ခိုင်ဇင်

**Réunion အမျိုးသားဥယျာဉ်သစ်တော**



Réunion အမျိုးသားဥယျာဉ်သစ်တောဟာ သက်တမ်းအနေနဲ့ ၂ ဒသမ ၅ သန်းရှိပြီဖြစ်ပြီး ပြင်သစ်နိုင်ငံ Réunion ကျွန်းပေါ်မှာတည်ရှိပါတယ်။ အကျယ်အဝန်းကတော့ ၁၀၅၃ ဒသမ ၈၄ စတုရန်းကီလိုမီတာရှိပါတယ်။ သစ်တောအမျိုးအစားကတော့ အပူပိုင်းမိုးသစ်တောဖြစ်ပါတယ်။ Réunion ကျွန်းပေါ်မှာရှိတဲ့သစ်တောကို ၂၀၀၇ ခုနှစ်မှာ တရားဝင် ကာကွယ်ဖို့အတွက် အမျိုးသားဥယျာဉ်အဖြစ်သတ်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့ Réunion အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ပြီး ကာကွယ်ခဲ့ပေမဲ့ သက်တမ်းသုံးသန်းလောက်ရှိတဲ့ တချို့အပင်တွေကိုတော့ ဆုံးရှုံးခဲ့တယ်လို့သိရပါတယ်။ Réunion ကျွန်းဟာ လွန်ခဲ့တဲ့နှစ်သန်းပေါင်း သုံးသန်းကျော်ကတည်းက ပေါ်ပေါက်ခဲ့တာဖြစ်ပြီး ကျွန်းဟာ မီးတောင်နှစ်ခုကြားရှိတာဖြစ်ပါတယ်။ မီးတောင်နှစ်ခုကြားမှာတည်ရှိတာကြောင့် မြေဆီမြေဩဇာကောင်းပါတယ်။ မီးတောင်နှစ်ခုမှာ တစ်ခုကတော့လက်ရှိမှာငြိမ်နေပြီး မီးတောင်တစ်ခုကတော့ တစ်ခါတစ်ရံပေါက်ကွဲတတ်ပါတယ်။ Réunion အမျိုးသားဥယျာဉ်သစ်တောမှာ တောရိုင်းတိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော် နေထိုင်ကျက်စားပြီး ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်ပေါင်း ၄၃ မျိုးနှင့် မှတ်တမ်းတင်ထားသော မူရင်းအပင်မျိုးစိတ် ၁၆၀၀ ပေါက်ရောက်ပါတယ်။ Réunion အမျိုးသားဥယျာဉ်သစ်တောကြီးဟာ Réunion ကျွန်းရဲ့ ဧရိယာ ၄၂ ရာခိုင်နှုန်းကို လွှမ်းခြုံထားပါတယ်။

**Caspian Hyrcanian သစ်တော**



Caspian Hyrcanian သစ်တောဟာ နှစ်ပေါင်း ၂၅ သန်းကနေ သန်း ၅၀ ကြားထဲ သက်တမ်းရှိပါတယ်။ အီရန်နိုင်ငံနဲ့ အဇာဘိုင်ဂျန်နိုင်ငံကြား ကက်စပီယံပင်လယ်ကမ်းခြေပေါ်မှာတည်ရှိပါတယ်။ အကျယ်အဝန်းအနေနဲ့ ဧရိယာစတုရန်းကီလိုမီတာ ၅၅၁၀၀ ရှိပါတယ်။ သစ်တောအမျိုးအစားကတော့ သမားရိုးကျ ဆောင်းကြွေရွက်သစ်ပင်တွေနဲ့ အခြားသစ်ပင်တွေ ရောနှော ပေါက်ရောက်တဲ့သစ်တောဖြစ်ပါတယ်။ Caspian Hyrcanian သစ်တောဟာ ကမ္ဘာပေါ်မှာ အလှဆုံး သက်တမ်းရင့်သစ်တောထဲကတစ်ခုဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာ Caspian Hyrcanian သစ်တောကို UNESCO က သက်တမ်းအနေနဲ့ နှစ်ပေါင်း ၂၅ သန်းကနေ သန်း ၅၀ ကြားရှိတဲ့အတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ Caspian Hyrcanian သစ်တောရှိ ဆောင်းကြွေရွက်သစ်ပင်တွေဟာ ကက်စ်ပီယံပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နဲ့ အယ်လ်ဘော့ဇ်တောင်တန်းတစ်လျှောက်ကို လွှမ်းခြုံထားပါတယ်။ Caspian Hyrcanian သစ်တောမှာ ဇီဝမျိုးစုံမျိုးကွဲတွေသာမက သစ်ပင်ပန်းမန်ပေါင်းများစွာဟာလည်း မယုံနိုင်လောက်အောင်ပေါများတာမို့ လေ့လာသင့်တဲ့သစ်တောတစ်ခုဖြစ်ပါတယ်။

**အမေဇုန် မိုးသစ်တော**



အမေဇုန်မိုးသစ်တောဟာ သက်တမ်းအနေနဲ့ နှစ်သန်းပေါင်း ၅၅ သန်းကျော်ရှိပြီဖြစ်ပါတယ်။ အမေဇုန်မိုးသစ်တောဟာ နိုင်ငံတစ်နိုင်ငံတည်းမှာ တည်ရှိတာမဟုတ်ဘဲ နိုင်ငံများစွာရဲ့နယ်နိမိတ်အစပ်မှာ တည်ရှိပါတယ်။ မိုးသစ်တောရဲ့ ဧရိယာအကျယ်အဝန်းဟာ ၅ ဒသမ ၅ သန်းစတုရန်းကီလိုမီတာဖြစ်ပါတယ်။ အမေဇုန်မိုးသစ်တောကို နိုင်ငံအလိုက်ပိုင်ဆိုင်မှုတွေအရဖော်ပြရမယ်ဆိုရင် ဘရာဇီးနိုင်ငံက ၆၀ ရာခိုင်နှုန်း၊ ပီရူးနိုင်ငံက ၁၃ ရာခိုင်နှုန်း၊ ကိုလံဘီယာနိုင်ငံက ၁၀ ရာခိုင်နှုန်း၊ ကျန်နယ်နိမိတ်တွေကတော့ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ဘိုလီးဗီးယား၊ ဂိုင်ယာနာ၊ ဆူရာနမ်နဲ့ ပြင်သစ်နိုင်ငံတို့က အသီးသီးပိုင်ဆိုင်ကြပါတယ်။ သစ်တောအမျိုးအစားကတော့ အပူပိုင်းမိုးသစ်တောအမျိုးအစားဖြစ်ပါတယ်။ အမေဇုန်မိုးသစ်တောဟာ ကမ္ဘာပေါ်မှာ ရှေးအကျဆုံးသက်တမ်းရင့်သစ်တောမဟုတ်ပေမဲ့ ကမ္ဘာပေါ်မှာရှိတဲ့ အကြီးဆုံးနဲ့ ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်ပေါင်းများစွာနေထိုင်ရာ အပူပိုင်းမိုးသစ်တောဖြစ်ပါတယ်။ အမေဇုန်မိုးသစ်တောဟာ အလွန်ကြီးမားတဲ့အတွက် ကမ္ဘာရဲ့ ကျန်မိုးသစ်တောတွေရဲ့ တစ်ဝက်ကျော်လောက်ကို ကိုယ်စားပြုပါတယ်။ ကမ္ဘာပေါ်က ဇီဝမျိုးစုံမျိုးကွဲတွေရဲ့ ၁၀ ရာခိုင်နှုန်းခန့်ဟာ အမေဇုန်မိုးသစ်တောအတွင်းမှာ နေထိုင်ကျက်စားကြသလို မျိုးသုဉ်းပျောက်ကွယ်လုနီးပါး သစ်ပင်ပန်းမန်တွေနဲ့တိရစ္ဆာန်တွေကိုလဲ လေ့လာနိုင်ပါတယ်။ အမေဇုန်မိုးသစ်တောဟာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ဆယ်စုနှစ်အတွင်းမှာ အမေဇုန်မိုးသစ်တောအစိတ်အပိုင်းများစွာ သစ်တောပြုန်းတီးမှုကြောင့် ပျက်စီးသွားခဲ့ရပြီး အမေဇုန်မိုးသစ်တောဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကာဗွန်မက်ထရစ်တန် ၉၀ ကနေ ၁၄၀ ဘီလီယံခန့်ကို စုပ်ယူပေးနေတာကြောင့် အမေဇုန်မိုးသစ်တောကြီးသာ ပျက်စီးသွားမယ်ဆိုရင် ကမ္ဘာကြီးဟာ သိသိသာသာပူနွေးလာမှာဖြစ်ပါတယ်။

**Taman Negara မိုးသစ်တော**



Taman Negara မိုးသစ်တောဟာ သက်တမ်းအနေနဲ့ နှစ်သန်းပေါင်း ၁၃၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ မလေးရှားနိုင်ငံ Pahang ပြည်နယ်၊ Terengganu ပြည်နယ်နဲ့ Kelantan ပြည်နယ်မှာ တည်ရှိပါတယ်။ အကျယ်အဝန်းအနေနဲ့ ဧရိယာ ၄၃၄၃ စတုရန်းကီလိုမီတာရှိပါတယ်။ အပူပိုင်းမိုးသစ်တောအမျိုးအစားဖြစ်ပါတယ်။ Taman Negara မိုးသစ်တောဟာ မလေးရှားနိုင်ငံမှာ ပထမဆုံးတရားဝင်ကာကွယ်တဲ့နယ်မြေအဖြစ် ၁၉၃၈ ခုနှစ်မှာ သတ်မှတ်ခဲ့ပါတယ်။ Taman Negara Canopy Walk လို့ခေါ်တဲ့ သစ်တောရဲ့အမြင့်ဆုံးသစ်ပင်ထိပ်တွေကို ဖြတ်ပြီး သွယ်တန်းထားတဲ့ မီတာ ၅၁၀ ရှိတဲ့ ကြိုးတံတားဟာ လူကြိုက်များတဲ့ ခရီးသွားနေရာတစ်ခုဖြစ်ပါတယ်။ အရင်က Taman Negara မိုးသစ်တောကို King George V National Park လို့ အမည်ပေးခဲ့ပေမဲ့ မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အခါ ၁၉၅၇ ခုနှစ်မှာ အမည်ပြောင်းခဲ့တာဖြစ်ပါတယ်။

**Borneo မြေနိမ့်မိုးသစ်တော**



Borneo မြေနိမ့်မိုးသစ်တောဟာ သက်တမ်းအနေနဲ့ နှစ်သန်းပေါင်း ၁၄၀ ခန့်ရှိပြီဖြစ်ပါတယ်။ Borneo မြေနိမ့်မိုးသစ်တောဟာ မလေးရှား၊ ဘရူနိုင်းနဲ့ အင်ဒိုနီးရှား သုံးနိုင်ငံနယ်နိမိတ်ကြားမှာ တည်ရှိပါတယ်။ သစ်တောအမျိုးအစားကတော့ အပူပိုင်းမိုးသစ်တောဖြစ်ပြီး အကျယ်အဝန်းဧရိယာ စတုရန်းကီလိုမီတာ ၄၂၇၅၀၀၀ ရှိပါတယ်။ Borneo မြေနိမ့်မိုးသစ်တောဟာ အရင်တုန်းက ကျွန်းတစ်ခုလုံးကို ဖုံးလွှမ်းထားခဲ့ကာ ကြွယ်ဝတဲ့ဂေဟစနစ်ရှိပါတယ်။ သစ်တောအတွင်းမှာ ပန်းမျိုးစိတ်ပေါင်း ၁၅၀၀၀ ကျော်၊ သစ်ပင်မျိုးစိတ်ပေါင်း ၃၀၀၀ ကျော်၊ ကုန်းနေတိရစ္ဆာန်မျိုးစိတ် ၂၂၁ မျိုးနဲ့ ငှက်မျိုးစိတ်ပေါင်း ၄၂၀ ကျော်တို့နေထိုင်ကျက်စားရာနေရာဖြစ်ပါတယ်။ Borneo မြေနိမ့်မိုးသစ်တောဟာ အခုအခါ ရာသီဥတုဖောက်ပြန်မှုနဲ့ သစ်အလွန်အကျွံခုတ်ထွင်မှုတို့ကြောင့် သစ်တောဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းလောက် ဆုံးရှုံးခဲ့ပါတယ်။ ဒါ့ပြင် Borneo မိုးသစ်တောမှာ ရှားပါးအော်ရီဂူတန်မျောက်ဝံမျိုးစိတ်ဖြစ်တဲ့ Bornean အော်ရီဂူတန်တွေကို တွေ့နိုင်ပါတယ်။

**Daintree မိုးသစ်တော**



Daintree မိုးသစ်တောဟာ သက်တမ်းအနေနဲ့ သန်း ၁၈၀ ရှိပြီဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံ ကွင်းစလန်းရဲ့ အရှေ့မြောက်ကမ်းရိုးတန်းမှာတည်ရှိပြီး အကျယ်အဝန်းကတော့ ဧရိယာစတုရန်းကီလိုမီတာ ၁၂၀၀ ရှိပါတယ်။ သစ်တောအမျိုးအစားဟာ အပူပိုင်းမိုးသစ်တောအမျိုးအစားဖြစ်ပြီး ကမ္ဘာ့ရှေးအကျဆုံးနဲ့ သက်တမ်းအရင့်ဆုံးသစ်တောဖြစ်ပါတယ်။ ဒါ့ပြင် အဲဒီသစ်တောဟာ ဩစတြေးလျနိုင်ငံရဲ့ အကြီးဆုံးမိုးသစ်တောထဲကတစ်ခုဖြစ်ပါတယ်။ Daintree မိုးသစ်တောဟာ ဩစတြေးလျနိုင်ငံရှိ တွားသွားမျိုးစိတ် ၃၀ ရာခိုင်နှုန်း၊ လင်းနို့မျိုးစိတ် ၆၅ ရာခိုင်နှုန်း၊ လိပ်ပြာမျိုးစိတ်နဲ့ ငှက်မျိုးစိတ် ၁၈ ရာခိုင်နှုန်း နေထိုင်ကျက်စားလျက်ရှိပါတယ်။ Daintree မိုးသစ်တောကို လူသိများတာကြောင့် နှစ်စဉ်ခရီးသွား ဧည့်သည် ၄၀၀၀၀၀ လောက် လာရောက်လည်ပတ်လေ့ရှိပါတယ်။

အခုဖော်ပြပေးခဲ့တာကတော့ ကမ္ဘာ့သက်တမ်းရင့်သစ်တောများအကြောင်းပဲဖြစ်ပါတယ်။ လက်ရှိ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် သစ်ပင်သစ်တောတွေ ပြုန်းတီးလာပြီး သစ်ပင်သစ်တောတွေကို ချစ်ခင်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **11 Oldest Forests in the World**

# ၂၀၂၅ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရအသင်းနှင့် play-off ကစားခွင့်ရအသင်းများ




ဒီတစ်ပတ်မှာတော့ ၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲနဲ့ ကိုပါအမေရိကဖလား ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွေပြီးဆုံးသွားချိန်မှာ ၂၀၂၅ ခုနှစ် အမျိုးသမီး ယူရိုပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်တွေပြီးဆုံးခဲ့လို့ တိုက်ရိုက်ဝင်ခွင့်ရအသင်းနဲ့ **play-off** ကစားခွင့်ရတဲ့အသင်းတွေ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အမျိုးသမီးယူရိုခြေစစ်ပွဲကို လိဂ်(A)၊ လိဂ်(B)၊ လိဂ်(C)ဆိုပြီး အုပ်စု သုံးခုမှာ အသင်းပေါင်း ၅၁ သင်းထိ ပါဝင်ကစားခဲ့တာကို တွေ့ရမှာပါ။ လိဂ်(A)မှာ ၁၆ သင်း၊ လိဂ်(B) မှာ ၁၆ သင်း၊ လိဂ်(C) မှာ ၁၉ သင်း ပါဝင်ခဲ့ပြီး ဥရောပအဆင့်သတ်မှတ်ချက်အရ သက်ဆိုင်ရာလိဂ်အလိုက် ယှဉ်ပြိုင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲကို ဆွစ်ဇာလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီး လာမဲ့နှစ် ဇူလိုင် ၂ ရက်ကနေ ဇူလိုင် ၂၇ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဒီမှာ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းကို အုပ်စုလေးခုခွဲ ကျင်းပမှာဖြစ်ပေမဲ့ လက်ရှိမှာတော့ အိမ်ရှင်အပါအဝင် တိုက်ရိုက်ဝင်ခွင့်ရအသင်း ကိုးသင်း သာရှိပြီး ဝင်ခွင့်လက်ကျန် ခုနစ်နေရာအတွက်ကတော့ **play-off** ကစားခွင့်ရအသင်း ၂၈ သင်းကနေ ရွေးချယ်သွားမှာဖြစ်ပါတယ်။ အမျိုးသမီးယူရိုပြိုင်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပခဲ့ရာမှာ အခုဆို ၁၄ ကြိမ်မြောက်ရောက်ရှိခဲ့တာဖြစ်ပြီး ၂၀၂၁ ခုနှစ်မှာ ကိုဗစ်-၁၉ရောဂါကြောင့် တစ်နှစ်နောက်ဆုတ်ပြီး ၂၀၂၂ ခုနှစ်မှာ ကျင်းပခဲ့ပေမဲ့ အင်္ဂလန်အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

**တိုက်ရိုက်ဝင်ခွင့်ရအသင်းများ**

၂၀၂၅ ခုနှစ် ယူရိုခြေစစ်ပွဲ တိုက်ရိုက်ဝင်ခွင့်ကိုတော့ လိဂ်(A)ကနေ အသင်းရှစ်သင်းက ရရှိခဲ့တာဖြစ်ပါတယ်။ လိဂ်(A)မှာ အသင်း ၁၆ သင်းကို အုပ်စုလေးခုခွဲ ယှဉ်ပြိုင်ခဲ့တာဖြစ်ပြီး ဥရောပအဆင့် သတ်မှတ်ချက် (၁) ကနေ (၁၆) ထိအသင်းတွေ ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ အုပ်စု (၁)မှာတော့ အီတလီ၊ နယ်သာလန်၊ နော်ဝေ၊ ဖင်လန် အသင်းတို့ကစားခဲ့ရတာဖြစ်ပြီး အုပ်စုပွဲစဉ်ပြီးဆုံးချိန်မှာ အီတလီအသင်းက အုပ်စုပထမ၊ နယ်သာလန်အသင်းက အုပ်စုဒုတိယနေရာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ နော်ဝေအသင်းကတော့ အုပ်စုတတိယနဲ့ ဖင်လန်အသင်းကတော့ အုပ်စုအောက်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး နှစ်သင်းစလုံး **play-off** ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

အုပ်စု(၂)မှာတော့ စပိန်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ ချက် အသင်းတို့ တွေ့ဆုံခဲ့ပေမဲ့ အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ စပိန်အသင်းက အုပ်စုပထမ၊ ဒိန်းမတ်အသင်းက အုပ်စုဒုတိယ၊ ဘယ်လ်ဂျီယံအသင်းက အုပ်စုတတိယ၊ ချက်အသင်းက အုပ်စုအောက်ဆုံးရောက်ခဲ့တာဖြစ်ပါတယ်။ အုပ်စုတွင်းပွဲစဉ်တွေရဲ့ အဓိကပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေဆက်တိုက်ရထားတဲ့ စပိန်အသင်းက တိုက်စစ်ပိုင်း သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဘယ်လ်ဂျီယံအသင်း ခံစစ်ပိုင်းက ပေးဂိုး ၁၈ ဂိုးထိ ခွင့်ပြုပေးရတာကို တွေ့ရမှာပါ။

အုပ်စု(၃)မှာတော့ ပြင်သစ်၊ အင်္ဂလန်၊ ဆွီဒင်၊ အိုင်ယာလန် အသင်းတို့ကစားခဲ့ရပြီး အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ပြင်သစ်အသင်းက အုပ်စုပထမ၊ အင်္ဂလန်အသင်းက အုပ်စုဒုတိယ၊ ဆွီဒင်အသင်းက အုပ်စုတတိယနေရာနဲ့ **play-off** ကစားခွင့်ရခဲ့တာဖြစ်ပြီး အိုင်ယာလန်အသင်းကလဲ အုပ်စုအောက်ဆုံးမှာ ရောက်ခဲ့ပေမဲ့ **play-off** ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အုပ်စု(၄)မှာတော့ ဂျာမနီ၊ အိုက်စလန်၊ ဩစတြီးယား၊ ပိုလန်အသင်းတို့တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ဂျာမနီက ငါးပွဲနိုင်၊တစ်ပွဲရှုံး နဲ့ ရမှတ် ၁၅ မှတ်၊ အိုက်စလန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၃ မှတ်၊ ဩစတြီးယားအသင်းက နှစ်ပွဲနိုင်၊တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ခုနစ်မှတ်၊ ပိုလန်အသင်းကတော့ ခြောက်ပွဲရှုံး ရမှတ် မရခဲ့ဘဲ အုပ်စုအောက်ဆုံးမှာရောက်ခဲ့တာဖြစ်ပြီး ဂျာမနီနဲ့ အိုက်စလန်အသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဂျာမနီအသင်း တိုက်စစ်ပိုင်းထက်မြက်ခဲ့တာကြောင့် သွင်းဂိုး ၁၇ ဂိုး သွင်းယူနိုင်ခဲ့ပြီး ပိုလန်အသင်းကတော့ အဘက်ဘက်က အားနည်းချက်တွေရှိခဲ့တာကြောင့် ပေးဂိုး ၁၇ ဂိုးနဲ့ ပေးဂိုးအများဆုံးဖြစ်ခဲ့တာကို တွေ့ရမှာပါ။

ခြေစစ်ပွဲအုပ်စုအဆင့်ကို ယခုနှစ် ဧပြီ ၅ ရက်မှာ စတင်ခဲ့ပြီး ဇူလိုင် ၁၆ ရက်မှာ ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေ ပြီးဆုံးချိန်မှာ အုပ်စု(၁)က အီတလီ၊ နယ်သာလန်၊ အုပ်စု(၂)က စပိန်နဲ့ဒိန်းမတ်၊ အုပ်စု(၃)က ပြင်သစ်နဲ့အင်္ဂလန်၊ အုပ်စု(၄)က ဂျာမနီနဲ့ အိုက်စလန်အသင်းတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး တတိယနေရာနဲ့ အုပ်စုအောက်ဆုံးအသင်းတွေဖြစ်တဲ့ နော်ဝေ၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်နဲ့ ဩစတြီးယား၊ ဖင်လန်၊ ချက်၊ အိုင်ယာလန်နဲ့ ပိုလန်အသင်းတို့ **play-off** ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

**Play-off ကစားခွင့်ရအသင်းများ**

လိဂ်(B) မှာလဲ ဥရောပအဆင့် (၁၇)ကနေ အဆင့်(၃၂)ထိအသင်း ၁၆ သင်းကို အုပ်စုလေးခုခွဲပြီး ယှဉ်ပြိုင်ခဲ့တာကို တွေ့ရမှာပါ။ လိဂ်(B) မှာတော့ တိုက်ရိုက်ဝင်ခွင့်မရတော့ဘဲ အုပ်စုတွင်း အဆင့်(၁)ကနေ အဆင့်(၃)နေရာထိ အသင်းတွေက **play-off** ကစားခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ လိဂ်(B) အုပ်စု(၁)မှာတော့ ဆွစ်ဇာလန်၊ တူကီယဲ၊ ဟန်ဂေရီ၊ အဇာဘိုင်ဂျန်အသင်းတို့ ကစားခဲ့ရပြီး ဆွစ်ဇာလန်အသင်းက အုပ်စုပထမ၊ တူကီယဲအသင်းက အုပ်စုဒုတိယ၊ ဟန်ဂေရီအသင်းက အုပ်စုတတိယ၊ အဇာဘိုင်ဂျန်အသင်းက အုပ်စုနောက်ဆုံးဖြစ်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဆွစ်ဇာလန်အသင်းဟာ အိမ်ရှင်အသင်းဖြစ်တာကြောင့် ၂၀၂၅ ခုနှစ် ယူရိုပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိပြီးသားဖြစ်တာကြောင့် အုပ်စုနောက်ဆုံးမှာ အဇာဘိုင်ဂျန်အသင်းက **play-off** ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

လိဂ်(B) အုပ်စု(၂)မှာတော့ စကော့တလန်၊ ဆားဘီးယား၊ ဆလိုဗက်ကီးယား၊ အစ္စရေးအသင်းတို့ ကစားခဲ့ရတာဖြစ်ပြီး စကော့တလန်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရမှတ် ၁၆၊ ဆားဘီးယားအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၃ မှတ်၊ ဆလိုဗက်ကီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် လေးမှတ်၊ အစ္စရေးအသင်းက တစ်ပွဲသရေ၊ ငါးပွဲရှုံး ရမှတ်တစ်မှတ်နဲ့ အစဉ်လိုက်ရပ်တည်ခဲ့တာဖြစ်ပြီး စကော့တလန်၊ ဆားဘီးယားနဲ့ ဆလိုဗက်ကီးယားအသင်းတို့က **play-off** ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။

လိဂ်(B) အုပ်စု(၃)မှာတော့ ပေါ်တူဂီ၊ မြောက်အိုင်ယာလန်၊ ဘော့ဇနီးယားနဲ့ မော်တာအသင်းတို့ ကစားခဲ့ရတာဖြစ်ပြီး အုပ်စုပြီးဆုံးချိန်မှာ ပေါ်တူဂီအသင်းက အုပ်စုပထမ၊ မြောက်အိုင်ယာလန်အသင်းက အုပ်စုဒုတိယ၊ ဘော့ဇနီးယားအသင်းက အုပ်စုတတိယ ၊ မော်တာအသင်းက အုပ်စုအောက်ဆုံးမှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အုပ်စု(၄)မှာတော့ ဝေးလ်၊ ယူကရိန်း၊ ခရိုအေးရှား၊ ကိုဆိုဗိုအသင်းတို့ ကစားခဲ့ရတာဖြစ်ပြီး အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ဝေးလ်အသင်းက အုပ်စုပထမ၊ ယူကရိန်းအသင်းက အုပ်စုဒုတိယ၊ ခရိုအေးရှားအသင်းက အုပ်စုတတိယ၊ ကိုဆိုဗိုအသင်းက အုပ်စုနောက်ဆုံးမှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။

လိဂ်(C)မှာတော့ ပြိုင်ပွဲဝင်အသင်း ၁၉ သင်းထိရှိခဲ့ပြီး ဥရောပအဆင့် ၃၃ ကနေ အဆင့် ၅၁ ထိအသင်းတွေ ပါဝင်နေတာကိုတွေ့ရမှာပါ။ လိဂ်(C)မှာတော့ အုပ်စုငါးခုထိရှိခဲ့ပြီး လေးသင်းအုပ်စု လေးခုနဲ့ သုံးသင်းအုပ်စုတစ်ခု ရှိခဲ့တာဖြစ်ပါတယ်။ လိဂ်(C) မှာတော့ အုပ်စုပထမနေရာက အသင်းတွေနဲ့ အကောင်းဆုံးအုပ်စု ဒုတိယနေရာက အသင်းသုံးသင်းက **play-off** ကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။ လိဂ်(C) အုပ်စု(၁)မှာတော့ ဘီလာရုစ်၊ ဂျော်ဂျီယာ၊ လစ်သူရေးနီးယား၊ ဆိုက်ပရက်စ်အသင်းတို့ တွေ့ဆုံခဲ့ပြီး အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ဘီလာရုစ်အသင်းက အုပ်စုပထမ၊ ဂျော်ဂျီယာအသင်းက အုပ်စုဒုတိယ၊ လစ်သူရေးနီးယားအသင်းက အုပ်စုတတိယ၊ ဆိုက်ပရက်စ်အသင်းက အုပ်စုအောက်ဆုံးမှာ ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ အုပ်စုပထမနေရာက ဘီလာရုစ်အသင်းက သွင်းဂိုး ၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ပေးဂိုးမရှိခဲ့တာကို တွေ့ရမှာပါ။

လိဂ်(C) အုပ်စု(၂)မှာတော့ ဆလိုဗေးနီးယား၊ လတ်ဗီးယား၊ မြောက်မက်ဆီဒိုးနီးယား၊ မော်ဒိုဗာအသင်းတို့ ကစားခဲ့ရတာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ဆလိုဗေးနီးယားအသင်းက ခြောက်ပွဲနိုင် ရမှတ် ၁၈ မှတ်နဲ့ အုပ်စုပထမနေရာမှ ရပ်တည်နိုင်ခဲ့သလို တိုက်စစ်ပိုင်းက သွင်းဂိုး ၂၆ ဂိုးနဲ့ ခံစစ်ပိုင်းက ပေးဂိုးမရှိခဲ့တာကိုတွေ့ရမှာပါ။ လတ်ဗီးယားအသင်းက အုပ်စုဒုတိယ၊ မြောက်မက်ဆီဒိုးနီးယားအသင်းက အုပ်စုတတိယ၊ မော်ဒိုဗာအသင်းက အုပ်စုအောက်ဆုံးမှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။

လိဂ်(C) အုပ်စု(၃)မှာတော့ ဂရိ၊ မွန်တီနီဂရိုး၊ ဖာရိုးကျွန်းစု၊ အန်ဒိုရာအသင်းတို့ တွေ့ဆုံခဲ့ပြီး အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ ဂရိအသင်းက အုပ်စုပထမ၊ မွန်တီနီဂရိုးအသင်းက အုပ်စုဒုတိယ၊ ဖာရိုးကျွန်းစုက အုပ်စုတတိယ၊ အန်ဒိုရာအသင်းကအုပ်စုအောက်ဆုံးမှာ ရပ်တည်ခဲ့တာကို တွေ့ရမှာပါ။ ဒီအုပ်စုမှာတော့ ဒုတိယနေရာက မွန်တီနီဂရိုးအသင်းက သွင်းဂိုး ၂၁ ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်ခဲ့ပြီး အန်ဒိုရာအသင်းကတော့ ပေးဂိုး ၂၈ ဂိုးနဲ့ ပေးဂိုးအများဆုံးအသင်းဖြစ်ခဲ့တာကို တွေ့ရမှာပါ။

လိဂ် (C) အုပ်စု(၄)မှာတော့ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ အာမေးနီးယား၊ ကာဇက်စတန်အသင်းတို့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာတော့ ရိုမေးနီးယားအသင်းက အုပ်စုပထမ၊ ဘူလ်ဂေးရီးယားအသင်းက အုပ်စုဒုတိယ၊ အာမေးနီးယားအသင်းက အုပ်စုတတိယ၊ ကာဇက်စတန်အသင်းက အုပ်စုအောက်ဆုံးမှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အုပ်စု(၅)မှာတော့ အယ်ဘေးနီးယား၊ လူဇင်ဘတ်နဲ့ အက်စ်တိုးနီးယားအသင်းတို့ ကစားခဲ့ရတာဖြစ်ပြီး အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ အယ်ဘေးနီးယားအသင်းက အုပ်စုပထမ၊ လူဇင်ဘတ်အသင်းက အုပ်စုဒုတိယ၊ အက်စ်တိုးနီးယားအသင်းက အုပ်စုအောက်ဆုံးမှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ လိဂ်(C) အုပ်စုပွဲစဉ်တွေပြီးဆုံးချိန်မှာ အုပ်စုပထမနေရာက ဘီလာရုစ်၊ ဆလိုဗေးနီးယား၊ ဂရိ၊ ရိုမေးနီးယားအသင်းတို့ **Play-off** ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အုပ်စုဒုတိယနေရာနဲ့ပြီးဆုံးခဲ့တဲ့ ငါးသင်းမှာ အကောင်းဆုံးအသင်းသုံးသင်းဖြစ်တဲ့ ဂျော်ဂျီယာ၊ မွန်တီနီဂရိုးနဲ့ လူဇင်ဘတ်အသင်းတို့လည်း **play-off** ကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။

**Play-off** ပြိုင်ပွဲကိုတော့ နှစ်ကြိမ်ကျင်းပသွားမှာဖြစ်ပြီး ပထမအကြိမ်ကိုတော့ နိုဝင်ဘာ ၂၃ ရက်မှာ ပထမအကျော့၊ နိုဝင်ဘာ ၂၉ ရက်မှာ ဒုတိယအကျော့အဖြစ် အိမ်ကွင်းအဝေးကွင်းစနစ်နဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အသင်း ၂၈ သင်းပါဝင်မှာဖြစ်ပါတယ်။ အဲဒီမှာ လိဂ်(A)က ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ချက်၊ နော်ဝေ၊ ဖင်လန်၊ ပိုလန်၊ မြောက် အိုင်ယာလန်၊ ဆွီဒင်အသင်းနဲ့ လိဂ်(C)က အယ်ဘေးနီးယား၊ ဘီလာရုစ်၊ ဂျော်ဂျီယာ၊ ဂရိ၊ လူဇင်ဘတ်၊ မွန်တီနီဂရိုး၊ ရိုးမေးနီးယား၊ ဆလိုဗေးနီးယား အသင်းတို့ ကစားရမှာဖြစ်ပြီး အနိုင်ရတဲ့အသင်းက **play-off** ဒုတိယ အဆင့်ကစားရမှာဖြစ်ပါတယ်။ ဒါ့ပြင် လိဂ်(B)က ပေါ်တူဂီနဲ့တူကီယဲ၊ စကော့တလန်နဲ့ခရိုအေးရှား၊ဝေးလ်နဲ့ ဟန်ဂေရီ၊ ဆားဘီးယားနဲ့ ဘော့ဇနီးယား၊ ယူကရိန်းနဲ့ ဆလိုဗေးနီးယား၊ မြောက်အိုင်ယာလန်နဲ့ အဇာဘိုင်ဂျန်အသင်းတို့ထဲက အနိုင်ရတဲ့အသင်းက နောက်တစ်ဆင့်တက်ရောက်မှာ ဖြစ်ပါတယ်။

**Play-off** ဒုတိယအဆင့်ကိုတော့ လာမဲ့ နိုဝင်ဘာ ၂၂ ရက်မှာ ပထမအကျော့၊ ဒီဇင်ဘာ ၃ ရက်မှာ ဒုတိယအကျော့အဖြစ် အိမ်ကွင်း၊အဝေးကွင်း ကစားသွားမှာဖြစ်ပါတယ်။ အဲ့ဒီဒုတိယအကျော့ ၁၄ သင်းထဲက အနိုင်ရမဲ့ အသင်းခုနစ်သင်းကတော့ လက်ကျန်ခုနစ်နေရာအတွက် ယူရိုပြိုင်ပွဲဝင်ခွင့်ရရှိမှာဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံမှာကျင်းပမဲ့ ၂၀၂၅ ခုနှစ် အမျိုးသမီး ယူရိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငွေနှင့်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငွန်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ငွန်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိကွမ်းသီးခြောက်ပေါက်ဈေးက ကွမ်းသီးစိုက်တဲ့သူတွေနဲ့ သိုလှောင်တဲ့သူတွေပါ အဆင်ပြေနေပါတယ်။ ငွန်လအတွင်းက ရန်ကုန်ဈေးကွက်ကို ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ကျိုက်လတ်မြို့နယ်က ထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုနှစ် ကွမ်းသီးခြောက်က ပြည်တွင်းမှာကို လိုအပ်ချက်အရမ်းများနေပါတယ်။ ရန်ကုန်ဘက်ကလဲ နေ့စဉ် အမှာကုန်တွေရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ညိုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို လိုက်လံဝယ်ယူပြီး အလုံးအတိုင်းနှင့် ကွမ်းသီးစိတ်များပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းသီးခြောက်အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် သိုလှောင်ထားသူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြိတ်မြို့နယ် သဘွတ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မြိတ် ဇူလိုင် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သဘွတ်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက သဘွတ်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် သဘွတ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများအသုံးပြုပြီး မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် စီမံကိန်းလုပ်ငန်းများကို ပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER )(၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

| အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော် | အင်းဝဘဏ်လီမိတက်(ရန်ကုန်) | အင်းဝဘဏ်လီမိတက်(မန္တလေး) |
|---|---|---|
| ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂ | ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂ | ဖုန်း-၀၂ ၄၀၆၀၇၃၀၊ ၀၂ ၄၀၂၄၅၉၅၊ ၀၂ ၄၀၂၁၂၀၂၊ ၀၂ ၂၈၄၈၄၄၁ |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ကြီးမြို့နယ်၊ ထန်းတောတောင်ကျေးရွာနေ ဒေါ်ရှမ်းမ (၉/ပသက(နိုင်)၁၅၆၃၃၅) ၏သား **မောင်စိန်ချစ် (၉/ပသက(နိုင်)၁၁၉၇၉၁)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ရှမ်းမ (၉/ပသက(နိုင်)၁၅၆၃၃၅)**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ထန်းပင်ကောက်ကျေးရွာနေ မစိုးစိုးသင်း (ဘ) ဦးကံချွန် (၉/တသန(နိုင်)၁၉၄၀၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-679608) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၀၄၂၃၅

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့် နေရာတွင် စနစ်တကျအကျိုးရှိရှိအသုံးချနိုင်ရေး အရေးကြီး...

❖ မိမိတို့၏အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Men Sports နှင့် ကာယအလှမယ်ပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Men Sports နှင့် ကာယအလှမယ်ပြိုင်ပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ Learning Hub ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာနှင့် စာပေးစာယူဌာနတို့မှ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် **စာမျက်နှာ ၂၀ ကော်လံ ၁☆**

မြန်မာနိုင်ငံ၏ လူ့သားချင်းစာနာမှုဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် နိုင်ငံအချို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက် *စာမျက်နှာ - ၁၈*

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန် *စာမျက်နှာ - ၂၁*

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257